# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၈)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (18-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(စဉ့်ကိုင်)တွင် ပြန်လည်ကျင်းပသည့် ၂၀၂၄- ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုနေသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

နေပြည်တော် ဇွန် ၁၇

နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲပထမနေ့ ဇွန် ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ကျောင်းသူဦးရေ ၆၂၈၀၀ (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၃ ရာခိုင်နှုန်း)ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁**


## လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၁၇

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊

**စာမျက်နှာ ၂၀ ကော်လံ ၁** ❖

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၁၇ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၁၈ ရက်မှ ၁၉ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**







အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူစံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

**မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန် ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၉၅၄

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၁၈ ရက်
အယ်ဒီတာ့အာဘော်

## မိုးကာလတွင် သတိပြုဆင်ခြင်ပါ ကိုဗစ်-၁၉ရောဂါ

မိုးရာသီကာလသည် အသက်ရှူလမ်းကြောင်းစနစ်ကို ဒုက္ခပေးသော တုပ်ကွေးဗိုင်းရပ်များ ရှင်သန်ပေါက်ဖွားသည့်အချိန်ဖြစ်သည်။ အထူးသဖြင့် ကိုဗစ်-၁၉ရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ အဖြစ်များသောကာလဟု ဆိုရပေမည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဇွန် ၈ ရက်မှ ၁၅ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ဇွန် ၈ ရက်မှ ဇွန် ၁၅ ရက်ထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၂ ဦး တွေ့ရှိရကြောင်း သိရှိရသည်။ လက်ရှိအချိန်ထိ ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိသေးကြောင်းလည်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် ရောဂါပြင်းထန်မှုကို မခံနိုင်ဘဲ အသက်အန္တရာယ်ရှိနိုင်သောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ထပ်ဆောင်းထိုးနှံသင့်ပေသည်။ ထို့အတွက် ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေ မြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့် အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးနိုင်သဖြင့် မပေါ့လျော့ဘဲ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပြင် ထပ်ဆောင်းကာကွယ် ဆေးများကို မပျက်မကွက်ထိုးနှံမှုခံသင့်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာလတွင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်နေစေရေးအတွက် အာဟာရပြည့်ဝသည့် အစာအုပ်စုအစုံကို မျှတစွာစားပေးပါ။ အိပ်ရေးဝဝအိပ်စက်ပါ။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ နေ့စဉ်ပုံမှန်ပြုလုပ်ပါ။ ထို့ပြင်လက်ကို စက္ကန့် ၂၀ကြာ ရေနှင့်ဆပ်ပြာအသုံးပြု၍ ဆေးကြောခြင်း၊ ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ မကြာခဏ စနစ်တကျ ဆေးကြောခြင်းများ ပြုလုပ်ပေးရပါမည်။

ကိုဗစ်-၁၉ ရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ခံရသူများတွင် ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများဖြစ်ပေါ်တတ်ပြီး အဆိုပါလက္ခဏာရှိသူများအနေဖြင့် လူထူထပ်သော နေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက မက်(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊ မက်(Mask)ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့်လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်းများပြုလုပ်ကာ မိမိမှတခြားသူများသို့ ရောဂါထပ်မံကူးစက်မှုမဖြစ်စေရေး ကာကွယ်သွားရမည်ဖြစ်ပါသည်။

နေ့စဉ်ဘဝတွင် " အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင်ဖြစ်ပါသောကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ဖြစ်ပွားမှုများသည့် မိုးကာလအတွင်း ကိုဗစ်-၁၉ ရောဂါကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိတို့ဖြင့် သတိပြုနေထိုင်ကျော်လွှားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

## မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ RBF လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ဖြင့် မိုင်းလွေကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာ၌ ဒေသတွင်း ကျွဲ၊ နွား မွေးမြူထားရှိ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ခွင့်ပြုငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ် သိန်း ၁၀၀ တို့ဖြင့် စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ ရွှေနမ့်လွေ အစုအဖွဲ့လေးဖွဲ့တို့က မိသားစုဝင်ငွေ တိုးပွားလာစေရန် ဒေသတွင်း ကျွဲ၊ နွား မွေးမြူခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပေါ်ဆန်းမွှေးဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းမွှေး ဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းမွှေးဆန် အိတ်ရေ ၄၄၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ပေါ်ဆန်းမွှေး ဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ မေလအတွင်း ပေါ်ဆန်းမွှေးဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့ကနေ လယ်ယာထွက်ကုန်တွေကိုရန်ကုန်ဈေးကွက်ဘက် အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းမွှေးဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းမွှေးဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ လတ်တလောမှာပါ ပေါ်ဆန်းမွှေးဆန်က အရောင်းအဝယ် ပိုဖြစ်နေပါတယ်'' ဟု ဓနုဖြူမြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ပေါ်ဆန်းမွှေးဆန် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၁၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၁၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လ ပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၁၆ ဧကထိ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ဖို့အတွက် တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်းရှိ နှမ်းစိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်း ကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြန်လည်ကျင်းပစစ်ဆေးသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုနေမှုများအား တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှု





**မန္တလေး ဇွန် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးခြင်းများကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဇွန် ၁၆ ရက်မှ စတင်ကျင်းပလျက် ရှိရာ ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ လိုက်ပါပြီး ရမည်းသင်းခရိုင်အတွင်း သတ်မှတ်စာဖြေဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဝင်ရောက်ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ထိုသို့လိုက်လံကြည့်ရှုရာတွင် ရမည်းသင်းမြို့အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (သိမ်ကုန်း)၊ ပျော်ဘွယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ မိတ္ထီလာမြို့အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများသို့ရောက်ရှိပြီး စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများ၊ ပျော်ဘွယ်မြို့ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်၍ သီးသန့်စာဖြေခန်း၌ စာမေးပွဲ ဖြေဆိုနေမှုကိုလည်းကောင်း ကြည့်ရှုပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အနေဖြင့် မြို့နယ် ၂၅ခုတွင် စာစစ်ဌာန ၁၀၁ ခု ဖွင့်လှစ်ထားပြီး ယနေ့ မြန်မာစာဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုသူ ၃၃၇၈၈ ဦးရှိပြီး ဖြေဆိုသည့် ရာခိုင်နှုန်း ၉၈ ဒသမ ၆၈ ရာခိုင်နှုန်း ရှိခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့ ပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းတွင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများဖြင့် ငလျင်ဘေး အန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမအဓဝင် အထွက်လမ်းများ၊ မြေယာရှုခင်းများပြုပြင်နေမှု၊ မြို့အင်္ဂါရပ်နှင့် အညီဖြစ်စေရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၆၂၆ ဧက စိုက်ပျိုးမည်

**ခင်ဦး ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၆၂၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၆၂၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲစင်းငုံဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပဲစင်းငုံကို သီးသန့် စိုက် ပျိုး ကြ သ လို သီးထပ် သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် ပဲစင်းငုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်လတ် ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာသုံးရွာအတွက် သတ္တမကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၆ ရက် နံနက်ပိုင်းက ကျိုက်လတ်မြို့နယ် မရမ်းကြီးကျေးရွာ ဘုန်းကြီးကျောင်းအတွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မရမ်းကြီးကျေးရွာ၊ သစ်ဖြူချောင်းကျေးရွာ၊ ကျိုက်လတ်ကလေးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို ရန်ပုံငွေကျပ် ၃၈ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နေလှန်းဆားပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော မေလအတွင်း ဒေသထွက် နေလှန်းဆားပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ဒေသထွက် နေလှန်းဆား ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း နေလှန်းဆားပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနေပါတယ်။ မေလအတွင်း ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇွန်လထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို နေလှန်းဆားတွေ အရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့တွေသူ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲ ကောင်းပါတယ်။ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်''ဟု ဒေးဒရဲမြို့နယ် နေလှန်းဆားထုတ်လုပ် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဒေးဒရဲမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# အိန္ဒိယနိုင်ငံရောက် မြန်မာကျောက်စာတစ်ချပ်

မောင်သာ(ရှေးဟောင်းသုတေသန)

ဗုဒ္ဓဘုရားရှင်သည် ဗုဒ္ဓဂယာရှိ ဗောဓိညောင်ပင်၌ သမ္မာသမ္ဗောဓိ ခေါ် သစ္စာအလင်းရောင်ကို ရရှိတော်မူသဖြင့် ကျမ်းဂန်များတွင် ဗုဒ္ဓဂယာကို ဗောဓိမဏ္ဍလ (ဗောဓိမဏ္ဍိုင်)ဟု ဖော်ပြကြသည်။ မဟာဗောဓိသည် ကမ္ဘာတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်များ သွားရောက်ဖူးမြော်သော စေတီတစ်ဆူဖြစ်ရုံသာမက မဟာဗောဓိစေတီ၏ အနုလက်ရာများသည် ကမ္ဘာတစ်ဝန်းမှ ဗိသုကာပညာရှင်များနှင့် သမိုင်းသုတေသီများ၏ စိတ်ဝင်စားမှုကိုရရှိခဲ့သည်။

ဗုဒ္ဓဘာသာဝင်များအတွက် အမြတ်ထားရသည့် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူခဲ့သော ဗုဒ္ဓဂယာရှိမဟာဗောဓိစေတီကို မြန်မာဘုရင်များအနက် ပုဂံဘုရင် ကျန်စစ်သားက ပထမဆုံးလှူဒါန်းပြုပြင်ခဲ့သည်။ နောက်ပိုင်းတွင်လည်း မြန်မာဘုရင်များက ခေတ်အဆက်ဆက် ဆက်လက်လှူဒါန်းပြုပြင်ခဲ့ကြရာ ပုဂံဘုရင် ကျော်စွာမင်း (၁၂၈၇-၁၂၉၈) လက်ထက်တွင် ဗုဒ္ဓဂယာသို့ သံအဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး မဟာဗောဓိစေတီအတွက် ထီးတော်ကို ပေးပို့လှူဒါန်းခဲ့သည်။

ရခိုင်ဘုရင် လက်ယာမင်းနန်(၁၁၀၃-၁၁၀၉) သည်လည်း မဟာဗောဓိကို ပြုပြင်မွမ်းမံခဲ့သည်။ ရခိုင်ရှေးဟောင်းမြို့တော် မြို့ဟောင်း(ယခုမြောက်ဦးမြို့နယ်) ၌ မဟာဗောဓိနှင့်ပုံစံတူ နမူနာစေတီတစ်ဆူကိုတူးဖော်ရရှိခဲ့ပြီး ထိုပုံစံတူစေတီကို အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားပြတိုက်တွင် ထိန်းသိမ်းထားသည်။ ၎င်းပုံစံတူစေတီသည် ရခိုင်ဘုရင်၏ ကောင်းမှုကိုဖော်ပြသည့် နမူနာပုံစံဖြစ်မည်ဟု ယူဆကြသည်။

ရခိုင် လေောင်းကြက်မင်းဆက်ဘုရင် မင်းထီးသည် ၁၂၉၆ ခုနှစ်မှ ၁၂၉၈ ခုနှစ်အတွင်း မဟာဗောဓိစေတီပင်မအဆောက်အအုံနှင့် စေတီအပြင်ပိုင်းကို ပြုပြင်မွမ်းမံခဲ့ဟန်ရှိကာ လက်ရန်းကျောက်တိုင်တချို့တွင် မြန်မာလက်ရာလူပုံနှင့်စေတီပုံများကို တွေ့မြင်ရသည်။

ထို့အတူ ကုန်းဘောင်ဘုရင်များဖြစ်သည့် ဗဒုံမင်း၊ စစ်ကိုင်းမင်းနှင့် မင်းတုန်းမင်းတို့သည် ဗုဒ္ဓဂယာနှင့် ဆက်နွယ်မှုများရှိခဲ့သည်။

မှတ်တမ်းများအရ ဘိုးတော်ဗဒုံမင်းသည် ၁၈၁၀ ပြည့်နှစ်တွင် အဖွဲ့တစ်ဖွဲ့စေလွှတ်ကာ မဟာဗောဓိစေတီတွင် ကောင်းမှုကုသိုလ်ပြုခဲ့သည်။ ဘကြီးတော် စစ်ကိုင်းမင်းကလည်း ၁၈၂၃ ခုနှစ်တွင် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့စေလွှတ်၍ လှူဖွယ်ဝတ္ထုများပေးပို့လှူဒါန်းပြီး ကျောက်စာတစ်ချပ်ရေးထိုးပေးပို့ခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် မင်းတုန်းမင်းသည် ဗုဒ္ဓဂယာ၌ မြန်မာဘုရားဖူးများတည်းခိုရန် ဇရပ်တစ်ဆောင် တည်ဆောက်လှူဒါန်းခဲ့ရုံသာမက ကိုယ်စားလှယ်အဖွဲ့ကို စိန်လုံးရေ ၅၀၀၊ မြ ၃၁၁ လုံး၊ ကျောက်နီ ၃၉၆၆ လုံး၊ ပုလဲ ၆၂၃ လုံးနှင့် ထီး၊ တံခွန်၊ မြူတာ၊ ပန်းကုံး၊ ပန်းခိုင်စသည့်အလှူတော်များ ကို စကြာယာဉ်မီးသင်္ဘောဖြင့် သယ်ဆောင်သွားစေခဲ့သည်။

**ဗောဓိပင်ရင်းတွင် တွေ့ရှိခဲ့သည့် ကျောက်စာ**

၁၈၃၀ ပြည့်နှစ် အောက်တိုဘာလတွင် ကုန်းဘောင်ဘုရင် ဘကြီးတော်စစ်ကိုင်းမင်းသည် အိန္ဒိယဘုရင်ခံချုပ်နှင့်တွေ့ဆုံရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို အင်းဝနေပြည်တော်မှ အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့တွင် မင်းကြီးမဟာစည်သူ၊ မင်းလှနန္ဒကျော်ထင်နှင့် မေဂျာဘာနေ၏ညီဖြစ်သူ ကပ္ပတိန်ဘာနေတို့ လိုက်ပါသွားခဲ့သည်။

စစ်ကိုင်းမင်း၏ ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၌ရှိနေစဉ် ဗုဒ္ဓဂယာသို့ ရောက်ရှိခဲ့ကြရာ မဟန့်ကျောင်းတိုက်အတွင်းဘက်နံရံတွင် ကျောက်စာတစ်ချပ်ကိုတွေ့ရှိခဲ့သည်။ ထိုကျောက်စာသည် ယခင်ကဗောဓိပင်ရင်းရှိ ဝဇီရာသနပလ္လင်အနီး၌ရှိခဲ့သည့် ကျောက်စာဖြစ်ကြောင်း ကိုယ်စားလှယ်အဖွဲ့ကို ဗုဒ္ဓဂယာမှပုဂ္ဂိုလ်များက ပြောပြခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့မရောက်မီ နှစ် ၄၀ ကျော်က ထိုကျောက်စာသည် မဟာဗောဓိပင်အနီးတွင် တည်ရှိခဲ့ကြောင်း ဒေသခံများက ကိုယ်စားလှယ်အဖွဲ့ကို ရှင်းပြခဲ့ကြသည်ဟုဆိုသည်။

ထိုကျောက်စာတွင် ပါဠိဘာသာစကားကို မြန်မာအက္ခရာဖြင့်ရေးထိုးထားရာ ကျောက်စာပါအကြောင်းအရာများသည် မဟာဗောဓိစေတီ၌ မြန်မာဘုရင်များ ကုသိုလ်ပြုခဲ့သည့် အကြောင်းများဖြစ်သည်။ ထိုကျောက်စာ၏ ဆိုလိုရင်းကို စာရေးဆရာ ပါရဂူက မှတ်တမ်းပြုခဲ့သည်။

"ဤမဟာဗောဓိစေတီသည် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် ၂၁၈ နှစ်ကြာ (ဘီစီ ၃၂၆) တွင် ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော သီရိဓမ္မာသောကမင်းကြီး ကိုးကွယ်တည်ထားသောစေတီဖြစ်သည်။ ထိုစေတီသည်



ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကို တွေ့ရစဉ်။

နှစ်ပေါင်းများစွာကြာသောအခါ ပြိုကျပျက်စီးသွား၏။ ထိုစေတီပျက်ကို မဟာထေရ်တစ်ပါးဖြစ်သော ပုံသကူကြီးက ပြန်လည်ပြုပြင်၏။ ထို့နောက် ပြိုကျပျက်စီးသွားပြန်သောအခါ သတိုးမင်းက တစ်ဖန်ပြုပြင်မွမ်းမံပြန်၏။

ထို့နောက် စေတီဟောင်းပြိုကျပျက်စီးသွားပြန်သောအခါ ဆင်ဖြူသခင် ဘုရင်မင်းကြီးသည် ရာဇဂုရုဆရာတော် သီရိဓမ္မရာဇဂုရုကို မဟာဗောဓိစေတီ ပြန်လည်ပြုပြင်နိုင်ရန် တပည့်ကဿပနှင့်အတူလွှတ်လိုက်လေ၏။ သို့ရာတွင် ထိုမထေရ်များသည် ဗောဓိစေတီပြုပြင်မွမ်းမံသည့်အလုပ်ကို အပြီးတိုင်မလုပ်နိုင်ကြပေ။ ထို့နောက် ဝရပါသီမထေရ်က တိုက်တွန်းသည်ဖြစ်၍ ပျူတစ်သိန်းမင်းသည် ကဿပနှင့်အတူ သီရိဓမ္မထေရ်တို့ကို စေတီမွမ်းမံသည့်အလုပ် ဆက်လုပ်ရန် စေလွှတ်ပြန်၏။

သက္ကရာဇ် ၆၅၇ ခုနှစ် ပြာသိုလဆန်း ၉ ရက်၊ သောကြာနေ့၌ မွမ်းမံပြုပြင်သည့်အလုပ်ကိုပြန်စသည်။ သက္ကရာဇ် ၆၆၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့တွင် စေတီပြုပြင်မွမ်းမံမှု အပြီးသတ်သွားသောအခါ အခမ်းအနားကျင်းပပြီးလျှင် ဆွမ်း၊ အမွှေးနံ့သာ၊ ဆီမီး၊ တံခွန်ကုက္ကား၊ ပဒေသာပင် စသည်တို့ကိုလှူဒါန်းပူဇော်၏။ ဆင်းရဲသူ၊ ဆင်းရဲသားများကိုလည်း ကျွေးမွေးလှူဒါန်း၏။ စေတီတော်ကို နေ့စဉ် ဆွမ်းတော်ကပ်ရန် လယ်မြေ ကျေးကျွန်၊ ကျွဲ၊ နွားများကိုဝယ်ယူပြီး စေတီတော်အတွက် လှူဒါန်းထား၏။ ငါ၏ ဤကုသိုလ်ကောင်းမှုကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏" ဟု ဆရာပါရဂူက ရေးသားခဲ့သည်။

ကျောက်စာတွင်ပါရှိသည့် ခုနှစ်သက္ကရာဇ်များအရ သက္ကရာဇ် ၆၅၇ ခုနှစ် ပြာသိုလဆန်း ၉ ရက်သည် ၁၂၉၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်ဖြစ်၍ သက္ကရာဇ် ၆၆၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်သည် ၁၂၉၈ ခုနှစ် အောက်တိုဘာ ၁၂ ရက်ဖြစ်သည်။

ထိုကာလသည် ပုဂံတွင် ကျော်စွာမင်း(၁၂၈၇-၁၂၉၈) ထီးနန်းစံနေသည့်အချိန်ဖြစ်ပြီး ပုဂံထီးနန်းတွင် အရှုပ်အထွေးများဖြစ်ပေါ်နေချိန်လည်းဖြစ်သည်။

ထို့ကြောင့် ဤကျောက်စာသည် ကျော်စွာမင်း ရေးထိုးသည့် ကျောက်စာမဟုတ်နိုင်ဘဲ ကျောက်စာတွင်ပါရှိသည့် မဟာဗောဓိစေတီကိုပြုပြင်သူသည် ရခိုင်ဘုရင်တစ်ပါးဖြစ်မည်ဟု ကျောက်စာဝန် မစ္စတာတော်စိန်ခိုကဆိုခဲ့သည်။ ပုံသကူမဟာထေရ်သည် မည်သူမည်ဝါဖြစ်ကြောင်းကိုကား အတိအကျ ဆိုနိုင်ခြင်းမရှိချေ။ ကျောက်စာပါ ပုံသကူကြီးသည်လည်း ရဟန်းဘွဲ့မည်မဟုတ်ဘဲ ပုံသကူစုတင်ဆောင်ပုဂ္ဂိုလ်တစ်ပါးသာဖြစ်မည်ဟု ယူဆခဲ့ကြသည်။

ပုဂံဘုရင် နရပတိစည်သူ (၁၁၇၅- ၁၂၁၁) လက်ထက်တွင် ပုံသကူမထေရ်ဟု ထင်ရှားသည့် မင်းဆရာ ရဟန်းတစ်ပါးရှိခဲ့သည်။ ထိုရဟန်းသည် ဘုရင်နှင့် အဆင်မပြေသဖြင့် ပုဂံ၌မနေဘဲ သီဟိုဠ်ကျွန်းသို့ ကြွသွားခဲ့သည်။ ခေတ်ကာလ ကွာခြားမှုကြောင့် ကျောက်စာပါ ပုံသကူကြီးသည် နရပတိစည်သူမင်းလက်ထက်က ပုံသကူထေရ်မဟုတ်နိုင်ချေ။

သို့သော် ကျောက်စာရေးထိုးချိန်သည် ရခိုင်တွင် ထီးနန်းစိုးစံနေသူသည် မင်းထီး (၁၂၈၃-၁၃၈၉) ဖြစ်သဖြင့် အဆိုပါကျောက်စာကို ရေးထိုးခဲ့သည့် မင်းထီးဟု ယူဆရဖွယ်ရှိခဲ့သည်။

**ပျူတစ်သိန်းမင်း မင်းလက်ယာနှင့်မင်းထီး**

ကျောက်စာတွင်ရေးထိုးထားသည့် ပျူတစ်သိန်းမင်းသည် ရခိုင် လေောင်းကြက်မင်းဆက်ဘုရင် မင်းထီးကိုခေါ်သည့် အမည်ဖြစ်ကြောင်း ဆရာပါရဂူက ဖော်ပြခဲ့သည်။ ရခိုင်ရာဇဝင်ကျမ်းများအလိုအရ မင်းထီးသည် မင်းဘီလူး၏သားတော်ဖြစ်၍ အသက် ၇ နှစ်အရွယ်တွင် ဘုရင်ဖြစ်လာခဲ့သည်ဟုဆိုသည်။

မင်းဘီလူး၏မြေးဖြစ်သည့် လက်ယာမင်းနန် (၁၁၀၃-၁၁၀၉)သည် ပုဂံဘုရင် အလောင်းစည်သူ၏ ပျူတစ်သိန်း၊ မွန်တစ်သိန်း အကူအညီဖြင့် ရခိုင်ထီးနန်းကိုရရှိခဲ့ဖြင့် လက်ယာမင်းနန်ကို ပျူတစ်သိန်းမင်းဟု ခေါ်ဆိုခဲ့သည်။ လက်ယာမင်းနန်၏ အဆက်အနွယ်ဖြစ်သောကြောင့် မင်းထီးကိုလည်း ပျူတစ်သိန်းမင်းဟု ခေါ်ဆိုခဲ့ကြပုံရကြောင်း ဆရာပါရဂူက သုံးသပ်ဖော်ပြခဲ့သည်။

မင်းဘီလူးသည် ၁၂၈၁ ခုနှစ်တွင် လုပ်ကြံခံရပြီးနောက် အမတ်ကြီးစည်သူသင်္ဂက ရခိုင်ဘုရင်ဖြစ်လာခဲ့သည်။ ၁၂၈၃ ခုနှစ်တွင် စည်သူသင်္ဂက လုပ်ကြံခံရပြီးနောက် မင်းထီးကိုဘုရင်အဖြစ် တင်မြှောက်ခဲ့ချိန်တွင် မင်းထီးသည် အသက် ၇ နှစ်သာရှိသေးပြီး ယိုးချောင်းဖျားတွင် ရောက်ရှိနေခဲ့သည်။ မင်းထီး၏ ခမည်းတော်ဘီလူးမင်းသည် လုပ်ကြံခံရမီကပင် မင်းထီးကို ယိုးချောင်းဖျားသို့ပို့ထားခဲ့သည်။ ထို့ကြောင့် မင်းထီးကို ထိုအရပ်သို့ သွားရောက်ခေါ်ဆောင်ပြီး နန်းတင်ခဲ့သည်ဟုဆိုသည်။

ရခိုင်သမိုင်းမိတ်ဆက်စာအုပ်အရ မင်းထီးသည် ရတနာသုံးပါးကို အလွန်ကြည်ညိုသည်။ ကုသိုလ်ကောင်းမှုများစွာပြုသည့် ဘုရင်ဖြစ်သည်။ မင်းထီးလက်ထက်တွင် မင်းဆရာသာသနာပိုင်ဆရာတော် သီရိဓမ္မရာဇဂုရုကိုယ်တော်တိုင် ကြပ်မတ်လျက် ပျက်စီးယိုယွင်းနေသော ဗုဒ္ဓဂယာမဟာဗောဓိစေတီကို ၁၂၉၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ပြုပြင်ထိန်းသိမ်းခဲ့သည်ဟု ဖော်ပြထားသည်။

အထက်ပါကျောက်စာနှင့်စပ်လျဉ်း၍ ကျောက်စာဝန် မစ္စတာတော်စိန်ခို၏ထင်မြင်ချက်ကို အိန္ဒိယရေးသည်စာအုပ်တွင်ဖော်ပြထားရာ ပုဂံဘုရင် အလောင်းစည်သူသည် ပုံသကူမဟာထေရ်ကို မဟာဗောဓိစေတီပြုပြင်ရန်တာဝန်လွှဲအပ်ခဲ့ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ သူအကျိုးပြုခဲ့ဖူးသော ရခိုင်ဘုရင် လက်ယာမင်းနန်၏ အကူအညီကိုရယူကြောင်း၊ ကျောက်စာတွင်ပါရှိသည့် သတိုးမင်းသည် လက်ယာမင်းနန်၏ အဆက်အနွယ်ဖြစ်ကြောင်း ရေးသားထားသည်။

ဆက်လက်၍ လက်ယာမင်းနန် ထီးနန်းပြန်လည်ရရေးအတွက် အလောင်းစည်သူမင်းကြီးအကူအညီပေးရာ၌ မဟာဗောဓိစေတီ ပြန်လည်ပြုပြင်ရန်နှင့် လက်ယာမင်းနန်အနေဖြင့်လည်းကောင်း၊ လက်ယာမင်းနန်၏အဆက်အနွယ်များအနေဖြင့်လည်းကောင်း အကူအညီပေးရမည်ဟူသော အာမခံချက်တစ်ချက် ပါဝင်ကောင်းပါဝင်ပေလိမ့်မည်ဟု သုံးသပ်ထားသည်။

မြန်မာအက္ခရာ ပါဠိဘာသာဖြင့် ရေးထိုးထားသည့် ဗုဒ္ဓဂယာ အလှူမှတ်တမ်းကျောက်စာသည် ကုန်းဘောင်ခေတ်၊ စစ်ကိုင်းမင်းလက်ထက်တွင် ဗုဒ္ဓဂယာ၌ ရှိခဲ့သေးသည်။ ထိုအချိန်ကတည်းကပင် ဗုဒ္ဓဂယာနှင့်စေတီဝန်းကျင်ရှိမြေများကို မဟန့်က သူပိုင်ဆိုင်ကြောင်း ကြေညာထားခဲ့ပြီးဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များနှင့်သာ သက်ဆိုင်သည့် မဟာဗောဓိစေတီကို ဗုဒ္ဓဘာသာကိုးကွယ်သူမဟုတ်သောမဟန့်က သူပိုင်ဆိုင်ကြောင်းကြေညာခဲ့ခြင်းသည် ထူးခြားအံ့အားသင့်ဖွယ်ဖြစ်သကဲ့သို့ ထိုစဉ်က အိန္ဒိယနိုင်ငံကိုအုပ်ချုပ်သည့် ဗြိတိသျှအစိုးရကလည်း မဟာဗောဓိစေတီကို မဟန့်ပိုင်ဆိုင်ကြောင်း အသိအမှတ်ပြုထားခြင်းသည် နားလည်ရန်ခက်ခဲခဲ့ပေသည်။

မဟာဗောဓိဆက်ခံခွင့်ကို မဟန့်ကိုဆက်ခံသူအဆင်ဆင့်က ရရှိခဲ့ကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာတို့ပိုင်ဆိုင်ရမည်ဖြစ်သည့် မဟာဗောဓိစေတီအနီးတွင်ရှိခဲ့သည့် မြန်မာအလှူမှတ်တမ်းကျောက်စာကို မဟန့်တို့က အလိုရှိမည်မဟုတ်ဟု ယူဆရဖွယ်ဖြစ်သည်။ ထို့ကြောင့် မြန်မာဘုရင်များ၏ သမိုင်းဝင်အလှူမှတ်တမ်းတစ်ခုဖြစ်သည့် ထိုကျောက်စာသည် မည်သို့ ပျောက်ပျက်သွားသည်ကို မသိရှိနိုင်ခဲ့ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင် ၁)
- အိန္ဒိယရေးသည်(ပါရဂူ)
- ရခိုင်သမိုင်းမိတ်ဆက်(ဒေါက်တာအေးချမ်း)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၅၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၆၉၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ စပါးဧက ၂၅၄၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာလိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် မိုးစပါး စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၇၅၄ ဧက၊ ဆွမ္မရာမြို့တွင် ၂၁၄ ဧက၊ လဟယ်မြို့နယ်တွင် ဧက ၁၂၀၀၊ ထန်ပါခွေမြို့တွင် ဧက ၂၈၀၊ နန်းယွန်းမြို့နယ်တွင် ၁၄၆၂ ဧက၊ ဒုံဟီးမြို့တွင် ၂၄၅၅ ဧက၊ ပန်ဆောင်မြို့တွင် ၁၃၂၈ ဧက စုစုပေါင်း ၇၆၉၃ ဧကဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ဧက ၃၃၃၀၊ ဆွမ္မရာမြို့တွင် ၂၀၂၈ ဧက၊ လဟယ်မြို့နယ်တွင် ၅၈၈၄ ဧက၊ ထန်ပါခွေမြို့တွင် ၁၅၁၁ ဧက၊ နန်းယွန်းမြို့နယ်တွင် ၂၅၅၆ ဧက၊ ဒုံဟီးမြို့တွင် ၄၉၀၉ ဧက၊ ပန်ဆောင်မြို့တွင် ၅၁၈၂ ဧက စုစုပေါင်းဧက ၂၅၄၀၀ ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## မလှိုင်မြို့နယ် ကျောက်ဖူးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျောက်ဖူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ဖူးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

## သွက်လက်နိုးကြား လူငယ်များ

- လူငယ်တွေ နိုးကြားသွက်
ကြိုးစားလျက် ရှေ့သို့ချီ၊
အခက်ခဲကို မကြောက်စတမ်း
လျှောက်လှမ်းရမည်၊
ဖွဲလုံ့လ စိုက်ထူအတည်
ပန်းတိုင်ဆီ အရောက်သွား၊
အခက်ခဲကြုံ စိတ်မညစ်နဲ့ကွယ်
ထုဆစ်လှုပ်ရှား။

- လူ့ဂုဏ်ရည် အလှတရား
နှစ်ဆပွားလို့ တိုးတက်စေ၊
ငယ်ရွယ်စဉ် အချိန်ရှိခိုက်
လုံ့လစိုက်လေ၊
ပျင်းရိစိတ် ရှောင်ကြဉ်မသွေ
အောင်မြင်စေ ဘဝတိုက်ပွဲ၊
လောကခံကို ရင်ဆိုင်ရင်း
အားတင်းစဉ်မြဲ။

- အသိဉာဏ် ယှဉ်ကာတွဲလို့
ရင်လွှာထဲ တရားကိန်းပါ၊
စည်းကမ်းကို လိုက်နာမနေး
စိတ်ကောင်းမွေးကာ၊
ရည်ရွယ်ချက် ပန်းတိုင်ဟာ
ကိုယ့်ရှေ့မှာ လက်တစ်ကမ်း၊
ဘဝကို ယုံကြည်ချက်ဖြင့်
ရှေ့ဆက်ကြိုးပမ်း။ ။

**ရဲသွေးနီ(တက်ဝန်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတပူတင်နှင့် အင်ဒိုနီးရှားသမ္မတပရာဘိုဝိုဆူဘီယန်တို ယခုရက်သတ္တပတ်အတွင်း တွေ့ဆုံမည်

**ဂျကာတာ ဇွန် ၁၇**

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုသည် ယခုရက်သတ္တ ပတ်အတွင်း ရုရှားသမ္မတ ပူတင်နှင့် စိန့်ပီတာစဘတ်မြို့၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်ဟု အင်ဒိုနီးရှားသမ္မတရုံးက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်ကြိုးစားမည် ဖြစ်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် ယခုရက်သတ္တ ပတ်အတွင်း စိန့်ပီတာစဘတ်မြို့၌ နှစ်စဉ် စီးပွားရေးညီလာခံတစ်ခု ကျင်းပရန်စီစဉ်ထားရာ ယင်း ညီလာခံသို့ အင်ဒိုနီးရှားသမ္မတ လည်း တက်ရောက်မည်ဖြစ် ကြောင်း သိရသည်။



စိန့်ပီတာစဘတ် စီးပွားရေး ညီလာခံတွင် အစဉ်အလာအားဖြင့် ရုရှားသမ္မတ ပူတင်က အဖွင့် မိန့်ခွန်းပြောကြားလေ့ရှိသည်။

လက်ရှိအချိန်တွင် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဆူဂျီယိုနို သည် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိနေပြီး ယနေ့တွင် ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့ဗ်နှင့် တွေ့ဆုံဆွေးနွေး ခဲ့သည်။

ရုရှားနှင့် အင်ဒိုနီးရှားတို့ကြား ဆက်ဆံရေးမှာ ယုံကြည်ကိုးစား ရသည့်၊ အပြုသဘောဆောင်သည့် နှစ်နိုင်ငံဆက်ဆံရေးဖြစ်ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး က ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူး မြောက်ကိုရီးယားသို့ရောက်ရှိ



**ပြုံယမ်း ဇွန် ၁၇**

ရုရှားသမ္မတပူတင်၏ အထူး ညွှန်ကြားချက်များအရ ထိပ်တန်း သမ္မတအကြံပေး ဆာဂေးရှိုဂူး သည်ယနေ့တွင်မြောက်ကိုရီးယား နိုင်ငံ ပြုံယမ်းမြို့သို့ ရောက်ရှိနေ ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပြုံယမ်းခရီးစဉ်အတွင်း သမ္မတ အကြံပေး ဆာဂေးရှိုဂူးအနေဖြင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

ဆာဂေးရှိုဂူးအနေဖြင့် ပြီးခဲ့သည့် နှစ် ဇွန်လအတွင်းက ရရှိခဲ့သည့် သဘောတူညီချက်များအကောင် အထည်ဖော်နေမှုများနှင့်ပတ်သက် ၍ မြောက်ကိုရီးယားခေါင်းဆောင် များနှင့်ဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်း ထုတ်ပြန်ထားသည်။

သို့ရာတွင် ရုရှားသမ္မတပူတင် က ဆာဂေးရှိုဂူးကိုပေးလိုက်သည့် အထူးညွှန်ကြားချက်များနှင့် ပတ် သက်၍ ရုရှားမီဒီယာများ၏ သတင်းထုတ်ပြန်ချက်၌ အသေး စိတ်ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

ယနေ့ခရီးစဉ်သည် ရုရှား အမျိုးသား လုံခြုံရေးကောင်စီ အတွင်းရေးမှူးဆာဂေးရှိုဂူးအတွက် သုံးလတာကာလအတွင်း တတိယ မြောက် မြောက်ကိုရီးယားခရီးစဉ် ဖြစ်သည်။

ယူကရိန်းပဋိပက္ခဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ရုရှားနှင့်မြောက်ကိုရီး ယားတို့ကြား စစ်ရေးဆက်ဆံမှုနှင့် နိုင်ငံရေးဆက်ဆံမှုများ ပိုမို အားကောင်းခိုင်မာလာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျီ-၇ ထိပ်သီးညီလာခံမပြီးဆုံးမီ သမ္မတဒေါ်နယ်ထရန့်ထွက်ခွာ

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်သည် အရှေ့အလယ်ပိုင်း ဒေသ အခြေအနေများကြောင့် ကနေဒါနိုင်ငံ၌ ကျင်းပနေသည့် ဂျီ-၇ ထိပ်သီးညီလာခံမှ တစ်ရက် စော၍ ပြန်လည်ထွက်ခွာသွား ကြောင်း ဇွန် ၁၆ ရက် သတင်းများ တွင် ရေးသားဖော်ပြထားသည်။

ဂျီ-၇ အုပ်စုထိပ်သီးညီလာခံမှ မထွက်ခွာမီ အစ္စရေးနှင့် အီရန်တို့ ကြားစစ်ရေးတင်းမာမှုများ လျှော့ချ ရေးအတွက် တောင်းဆိုထား သည့် ဂျီ-၇ထိပ်သီးညီလာခံပူးတွဲ ကြေညာချက်ကို သဘောတူညီချက် ပေးခဲ့ကြောင်း သိရသည်။

အီရန်နှင့် အစ္စရေးတို့ကြား အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်ရယူပေးနိုင်ရေး ရည်ရွယ် ချက်ဖြင့် ဂျီ-၇ ထိပ်သီးညီလာခံ မပြီးဆုံးမီ တစ်ရက်စော၍ သမ္မတ ဒေါ်နယ်ထရန့် ထွက်ခွာသွားခြင်း ဖြစ်သည်။

သမ္မတဒေါ်နယ်ထရန့်ကိုယ်တိုင် သည်လည်း အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်တစ်ရပ်ကို အီရန်နှင့် အစ္စရေးထံ ကမ်းလှမ်းထား သည်ဟု ပြင်သစ်သမ္မတ မက်ခရွန် က ထုတ်ဖော်ပြောကြားထား ကြောင်း သိရသည်။

ဇွန် ၁၆ ရက်က ကျင်းပခဲ့သည့် ဂျီ-၇ အုပ်စု ထိပ်သီးညီလာခံတွင် အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန် နှင့် ဥရောပသမဂ္ဂခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ကနေဒါနိုင်ငံ ရော့ကီး တောင်တန်းဒေသ ကာနနာစကစ်အပန်းဖြေစခန်း၌ ကျင်းပ နေသော ဂျီ-၇ ထိပ်သီးညီလာခံ သည် ယနေ့တွင် ပြီးဆုံးမည်ဖြစ် ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဟော်မုဇ်ရေလက်ကြားအနီး အိုမန်ပင်လယ်ကွေ့ရေပြင်၌ ရေနံတင်သင်္ဘောနှစ်စီးဝင်တိုက်မှုဖြစ်ပွား



**ဒူဘိုင်း ဇွန် ၁၇**

ဟော်မုဇ်ရေလက်ကြားအနီး အိုမန်ပင်လယ်ကွေ့ရေပြင်၌ ယနေ့ တွင် ရေနံတင်သင်္ဘောနှစ်စီး ဝင် တိုက်မှုဖြစ်ပွားခဲ့ကြောင်း ဗြိတိသျှ ပင်လယ်ရေကြောင်း လုံခြုံရေး ကုမ္ပဏီများ၏အဆိုအရသိရသည်။

ရေနံတင်သင်္ဘောနှစ်စီးဝင်တိုက် ခဲ့ပြီးနောက် ဖြစ်စဉ်၌ပါဝင်သော အက်ဒါလင်းအမည်ရှိ ရေနံတင် သင်္ဘောပေါ်မှ ရေယာဉ်ဝန်ထမ်း ၂၂ ဦးကို အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)ကမ်းခြေ စောင့်တပ်က ကယ်တင်ခဲ့ရသည်။

သင်္ဘောနှစ်စီး ဝင်တိုက်မှု ဖြစ်စဉ်သည် ယူအေအီးနိုင်ငံ ဟော်ဖက်ကန်မြို့ အရှေ့ဘက် ရေမိုင် ၁၂မိုင်အကွာ၌ ပေါ်ပေါက် ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့်အီရန်နိုင်ငံတို့ကြား ပဉ္စမမြောက်နေ့အဖြစ် တစ်ဖက် နှင့်တစ်ဖက် လေကြောင်းတိုက်ခိုက် မှုများပြုလုပ်နေစဉ် အိုမန်ပင်လယ် ကွေ့၌ ရေယာဉ်နှစ်စီးဝင်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်များအတွင်း ဟော်မုဇ်ရေလက်ကြား၌ ကုန်တင် သင်္ဘောများ၏ရေကြောင်းသွားလာ ရေးစနစ်များ နှောင့်ယှက်ခံရမှု သိသိသာသာ မြင့်တက်လာ ကြောင်း သိရသည်။

ဟော်မုဇ်ရေလက်ကြားသည် အိုမန်နှင့် အီရန်နိုင်ငံတို့ကြား တည်ရှိပြီး ကမ္ဘာ့ရေနံကုန်သွယ် ရေးလုပ်ငန်းအတွက် အရေးကြီး သည့်ရေလမ်းကြောင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်၌ မီးရှူးမီးပန်းစက်ရုံပေါက်ကွဲမှုဖြစ်ပွား လူကိုးဦး သေဆုံး၍ ၂၆ ဦး ဒဏ်ရာရရှိ

**ပေကျင်း ဇွန် ၁၇**

တရုတ်နိုင်ငံတောင်ပိုင်း ဟူနန် ပြည်နယ်ရှိ မီးရှူးမီးပန်းစက်ရုံ တစ်ရုံ၌ ဇွန် ၁၆ ရက်က ပေါက်ကွဲ မှုဖြစ်ပွားခဲ့ရာ လူပေါင်းကိုးဦး သေဆုံး၍ ၂၆ ဦး ဒဏ်ရာများရရှိ ခဲ့ကြောင်း တရုတ်အစိုးရမီဒီယာ များက သတင်းထုတ်ပြန်ထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် မီးရှူးမီးပန်းစက်ရုံသည် ချန်ဒီးမြို့ မြောက်ဘက် မိုင် ၄၀ ခန့်အကွာ တောင်ကုန်းနယ်မြေ တစ်ခု၌ တည်ရှိသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မီးရှူး မီးပန်းစက်ရုံကို ရှာဖွေကယ်ဆယ် ရေးသမားများနှင့် ကျွမ်းကျင်သူ များကို တရုတ်အစိုးရ အရေးပေါ် စီမံခန့်ခွဲရေး ဝန်ကြီးဌာနက စေလွှတ်ထားကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အဆိုပါ မီးရှူးမီးပန်းစက်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ် တပ်ဖွဲ့က နာရီ ၂၀ ကြာ အချိန်ယူ ငြိမ်းသတ်ခဲ့ကြရသည်။

ပြီးခဲ့သည့်လကလည်း တရုတ် အရှေ့မြောက်ပိုင်း၌ ဓာတုပစ္စည်း စက်ရုံတစ်ရုံပေါက်ကွဲမှု ဖြစ်ပွား ခဲ့ရာ အနည်းဆုံးလူပေါင်း ငါးဦး သေဆုံးခဲ့ရသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် မီးရှူးမီးပန်းစက်ရုံကို ဟူနန်ရှန်ကျိုး မီးရှူးမီးပန်းကုမ္ပဏီက ပိုင်ဆိုင် ကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ၅၀၁ ကြိမ်မြောက် မစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်းကို လွှတ်တင်ခဲ့



**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ၅၀၁ ကြိမ်မြောက် မစ်ရှင်အဖြစ် ဇွန် ၁၅ ရက်တွင် စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်းကို လွှတ်တင်ခဲ့ကြောင်း ဇွန် ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တု ၂၃ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါ ပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အထက်ပါ စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်းအနက် ၁၃ စင်းမှာ ဆဲလ်ဖုန်းများသို့ အင်တာနက် ဝန်ဆောင်မှု တိုက်ရိုက်ပေးနိုင်သော ဂြိုဟ်တုများဖြစ်ကြသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့်ဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး တစ်နာရီ ငါးမိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇွန် ၁၅ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၇၃ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO


## ကန်ဂျူးအာကာသနည်းပညာကုမ္ပဏီက ပုဂ္ဂလိကသတင်းအချက်အလက် လက်ဆင့်ကမ်းပေးပို့ရေး ဂြိုဟ်တုကွန်ရက်တစ်ခုကိုတည်ဆောက်ရန် စီစဉ်ထား

**ပေကျင်း ဇွန် ၁၇**

တရုတ်နိုင်ငံ အခြေစိုက် ကန်ဂျူး အာကာသနည်းပညာ ကုမ္ပဏီသည် ပုဂ္ဂလိကသတင်း အချက်အလက် လက်ဆင့်ကမ်း ပေးပို့ရေးဂြိုဟ်တုကွန်ရက်တစ်ခုကို တည်ဆောက်ရန် စီစဉ်ထားကြောင်း ဇွန် ၁၆ ရက်သတင်းများအရ သိရသည်။

မိမိတို့၏ သတင်းအချက်အလက် လက်ဆင့်ကမ်းပေးပို့ရေး ဂြိုဟ်တုကွန်ရက်သည် ဝင်ရိုးစွန်းဒေသများအပါအဝင် တစ်ကမ္ဘာလုံးအတွက် ဝန်ဆောင်မှုပေးနိုင်ကြောင်း ကန်ဂျူးကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ကန်ဂျူးကုမ္ပဏီ၏ သတင်းအချက်အလက် လက်ဆင့်ကမ်း ပေးပို့ရေး ဂြိုဟ်တုကွန်ရက်ကို ပတ်လမ်းနေရာ သုံးနေရာ၌ ထားရှိမည့် ဂြိုဟ်တု ၁၃ စင်းဖြင့် ဖွဲ့စည်းထားမည် ဖြစ်ကြောင်း သိရသည်။




လက်ရှိအချိန်တွင် အထက်ပါ သတင်းအချက်အလက် လက်ဆင့်ကမ်းပေးပို့မှု ဂြိုဟ်တုကွန်ရက်၏ ပထမဆုံးဂြိုဟ်တုဖြစ်သည့် ကန်ဂျူး-၁ ဂြိုဟ်တုကို တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

ကန်ဂျူးကုမ္ပဏီသည် အလေးချိန် ကီလိုဂရမ် ၁၇၀၀ ရှိသည့် ကန်ဂျူး-၁ ဂြိုဟ်တုကို ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

ကန်ဂျူးကုမ္ပဏီသည် ၎င်း၏ ကန်ဂျူး သတင်းအချက်အလက် လက်ဆင့်ကမ်းပေးပို့ရေး ဂြိုဟ်တုကွန်ရက်ကို အာကာသပိုးလမ်းမ၏ တစ်စိတ်ပိုင်းအဖြစ် ရည်ညွှန်းထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ ပလူတိုဂြိုဟ်ငယ်၏ ရာသီဥတုကို လေ့လာနိုင်ခဲ့

**ပဲရစ် ဇွန် ၁၇**

ပြင်သစ် သိပ္ပံပညာရှင်များသည် နာဆာ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကိုအသုံးပြု၍ ပလူတိုဂြိုဟ်ငယ်၏ ရာသီဥတုကို လေ့လာနိုင်ခဲ့ကြောင်း ဇွန် ၁၆ ရက် သတင်းများအရ သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှရရှိထားသော အချက်အလက်များအရ ပလူတိုဂြိုဟ်ငယ်ကို လွှမ်းခြုံထားသည့် အလွှာအဆင့်ဆင့်ပါ မြူထုသည် ၎င်းဂြိုဟ်၏ ရာသီဥတုကိုလည်း ထိန်းချုပ်ထားကြောင်း ပြင်သစ် သုတေသန ပညာရှင်များက ပြောကြားသည်။

ပလူတိုဂြိုဟ်ငယ်၏ မြူထုကို နေရောင်ခြည်ကြောင့် မီသိန်းနှင့် နိုက်ထရိုဂျင်တို့ဓာတ်ပြုပြီး ပေါ်ထွက်လာသော ရှုပ်ထွေးသည့် ဇီဝမော်လီကျူးများဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ပြင်သစ်သုတေသနပညာရှင်များ၏ အဆိုအရ အထက်ပါ ဇီဝမော်လီကျူးများသည် နေရောင်ခြည်ကို နေ့အခါတွင်စုပ်ယူ၍ ညအခါတွင် အာကာသဟင်းလင်းပြင်အတွင်းသို့ ပြန်ထုတ်ပေးခြင်းဖြင့် ပလူတိုလေထုလွှာကို အအေးဓာတ် ပေးထားနိုင်ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်ကြောင့် ပလူတိုဂြိုဟ်ငယ်၏ အထက်ပိုင်းလေထုလွှာ၏ အပူချိန်မှာ အနုတ် ၃၃၃ ဒီဂရီ ဖယ်ရင်ဟိုက်(အနုတ် ၂၀၃ ဒီဂရီ ဆဲလ်စီးယပ်စ်)ရှိနေပြီး မျှော်လင့်ထားသည်ထက် အနုတ် ၃၀ ဒီဂရီ ဖယ်ရင်ဟိုက် ပိုအေးနေခြင်း ဖြစ်ကြောင်း ပြင်သစ် သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## နာတာရှည်ခါးနာရောဂါ နာကျင်ကိုက်ခဲမှုများကို နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် လျှော့ချနိုင်

**အော့စ်လို ဇွန် ၁၇**

နာတာရှည် ခါးနာရောဂါကြောင့် နာကျင်ကိုက်ခဲမှုများကို နေ့စဉ် လမ်းလျှောက်ခြင်းဖြင့် လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။

နော်ဝေ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ် မိနစ်ပေါင်း ၁၀၀ လမ်းလျှောက်ပေးခြင်းဖြင့် ခါးနာရောဂါ နာကျင်ကိုက်ခဲမှုကို ၂၃ ရာခိုင်နှုန်းထိ လျှော့ချနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ်လမ်းလျှောက်ခြင်းသည် ခါးနာရောဂါ၏နာကျင်ကိုက်ခဲမှုများကို လျှော့ချပေးနိုင်သည့် ရိုးစင်းသော၊ ကုန်ကျစရိတ်မရှိသော နည်းလမ်းတစ်ခု ဖြစ်လာနိုင်သည်ကို တွေ့ရသည်ဟု နော်ဝေသုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

နော်ဝေ သုတေသနပညာရှင်များသည် အသက် ၂၀ နှင့် အထက် လူပေါင်း ၁၁၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

ခါးနာရောဂါသည် ကမ္ဘာ့လူသားများ မစွမ်းမသန်ဖြစ်ရခြင်း၏ အဓိက အကြောင်းတရားတစ်ရပ်ဖြစ်ပြီး လက်ရှိအချိန်တွင် ကမ္ဘာ့ပြည်သူ သန်း ၆၀၀ ခန့်တို့မှာ နာတာရှည် ခါးနာဝေဒနာကို ခံစားနေကြရကြောင်း သိရသည်။

၂၀၅၀ ပြည့်နှစ် အရောက်တွင် နာတာရှည် ခါးနာဝေဒနာခံစားရသူ အရေအတွက်မှာ ၈၄၃ သန်းထိ ရှိလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။

Ref : Sputnik News

Trs : KKO

## ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားပါက ကျောက်ကပ်ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်

**နယူးယောက် ဇွန် ၁၇**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံထားပါက ကျောက်ကပ်ထိခိုက်ပျက်စီးမှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ ဇွန် ၁၆ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးရုံတက် ကုသမှုခံယူနေရသည့် ကိုဗစ်-၁၉ လူနာများအနေဖြင့် ကာကွယ်ဆေးထိုးနှံထားပြီးဖြစ်ပါက ကျောက်ကပ်ပျက်စီးနိုင်ခြေ နည်းပါးကြောင်း သိရသည်။

ဆေးရုံတက် ကိုရိုနာဗိုင်းရပ်လူနာများအနေဖြင့် ကျောက်ကပ်ထိခိုက်ပျက်စီးခဲ့ပါက အဆက်မပြတ် ကျောက်ကပ်ဆေးပေးရန် လိုအပ်ကြောင်း၊ သို့ရာတွင် အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးရုံတက်လူနာများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးနှံထားပါက ကျောက်ကပ်ပျက်စီးနိုင်ခြေ နည်းပါးကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဆေးရုံတက် လူနာများအနက် ကာကွယ်ဆေး မထိုးထားသူများအစုတွင် ကျောက်ကပ်ပျက်စီးမှုကြောင့် ကျောက်ကပ်ဆေးနေရသူ ၁၆ ရာခိုင်နှုန်းထိ ရှိသော်လည်း ကာကွယ်ဆေးထိုးနှံထားသူများအစုတွင် ၁၁ ရာခိုင်နှုန်းသာ တွေ့ရကြောင်း၊ အမေရိကန် သုတေသနပညာရှင်များသည် ဆေးရုံတက် ကိုဗစ်-၁၉ လူနာ ၃၅၀၀ ခန့်တို့၏ ကျန်းမာရေး အချက်အလက်များကိုလေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ရာသီအကြိုခြေစမ်းပွဲစဉ်ကို အာရှတွင် ကစားမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းပြောကြား



**ဘာစီလိုနာ ဇွန် ၁၇**

ဘာစီလိုနာ အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပြည်တွင်းဖလားအားလုံး ဆွတ်ခူးနိုင်ခဲ့ပြီးနောက် လာမည့်ရာသီသစ်တွင် ချန်ပီယံဆုကို ဆက်လက်ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲစဉ်များကို အာရှတွင် ကစားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဘာစီလိုနာအသင်း အနေဖြင့် လာမည့် ဇူလိုင် ၁၃ ရက်တွင် ရာသီအကြို ခြေစမ်းပွဲစဉ်အတွက် ပြင်ဆင်မှုများ စတင်မည်ဖြစ်ပြီး ပထမဆုံးခရီးစဉ်အဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်ကာ ဇူလိုင် ၂၇ ရက်တွင် ဗစ်ဆဲလ်ကိုဘီအသင်းနှင့်ကစား၍ တောင်ကိုရီးယားနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ပြီး ဇူလိုင် ၃၁ ရက်တွင် အက်ဖ်စီဆိုးလ်အသင်းနှင့် လည်းကောင်း၊ ဩဂုတ် ၄ ရက်တွင် ဒေဂူးအသင်းနှင့် လည်းကောင်း ကစားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

ထို့နောက် ဘာစီလိုနာအသင်းသည် စပိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကာ လာမည့် ဩဂုတ် ၁၀ ရက်တွင် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီမစတင်မီ ဂျိုဟန်ဂမ်ပါဖလားပွဲစဉ်အဖြစ် စီးရီးအေကလပ် ကိုမိုအသင်းနှင့် ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သော်လည်း လက်ရှိအချိန်ထိ တရားဝင်ထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ လာလီဂါပွဲစဉ်များကို လာမည့် ဩဂုတ် ၁၇ ရက်တွင် စတင်၍ ၂၀၂၆ ခုနှစ် မေ ၂၄ ရက်တွင် အဆုံးသတ်မည်ဖြစ်ပြီး ဘာစီလိုနာအသင်းက အုပ်စုအဖွင့်ပွဲစဉ် သုံးပွဲဆက်ကို ကွင်းအခြေအနေကြောင့် အဝေးကွင်း ပွဲစဉ်များတွင်သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Barcablaugranes**
**Trs : ML**

## ဆီဗီလာအသင်းက ကစားသမားဟောင်း အယ်လ်မီဒါကို နည်းပြသစ်ခန့်အပ်ကြောင်း ကြေညာ

**မက်ဒရစ် ဇွန် ၁၇**

ဆီဗီလာအသင်းသည် အသင်းကစားသမားဟောင်း အယ်လ်မီဒါကို သုံးနှစ်သဘောတူစာချုပ်ဖြင့် ယနေ့တွင် နည်းပြသစ်ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အယ်လ်မီဒါသည် ကစားသမားဘဝတွင် ၁၉၉၆ ခုနှစ်က အာဂျင်တီးနားကလပ် ရေဗားပလိတ်အသင်းမှ ဆီဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ဘောလုံးရာသီတစ်ရာသီ ကစားခဲ့ပြီးနောက် လာဇီယိုအသင်း၊ ပါးမားအသင်း၊ အင်တာမီလန် အသင်းတို့တွင် ကစားခဲ့ကာ ၂၀၀၉ ခုနှစ်၌ ရေဗားပလိတ်အသင်းတွင် ကစားသမားဘဝ နောက်ဆုံးကစားခဲ့ပြီး နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အသက် ၅၁ နှစ်ရှိ နည်းပြအယ်လ်မီဒါသည် နည်းပြဘဝကိုလည်း ရေဗားပလိတ်အသင်းနှင့် စတင်ခဲ့ကာ ၂၀၁၁-၂၀၁၂ ခုနှစ်ထိ တာဝန်ယူခဲ့ပြီးနောက် ၂၀၁၃-၂၀၁၅ ခုနှစ်တွင် ဘန်ဖီးလ်အသင်းကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၈ ခုနှစ်တွင် ချီဗက်စ်အသင်းကိုလည်းကောင်း၊ ၂၀၁၉-၂၀၂၂ ခုနှစ်တွင် ဆန်ဂျို့အသင်းကိုလည်းကောင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၂၀၂၂-၂၀၂၅ ခုနှစ်ထိ ဂရိကလပ် အေအီးကေအေအသင်းကို တာဝန်ယူခဲ့ရာတွင် ပထမဆုံး ဘောလုံးရာသီတွင် အသင်းနှင့်အဓိကဆုဖလားနှစ်လုံး ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဆီဗီလာအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် နည်းပြပီမီယန်တာကို ခန့်အပ်ခဲ့သော်လည်း အသင်းအနေဖြင့် တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ရုန်းကန်နေရသောကြောင့် ပြီးခဲ့သည့် ဧပြီလက နည်းပြပီမီယန်တာကို ထုတ်ပယ်၍ နည်းပြဂျိုအာကွင်းကို ဘောလုံးရာသီကုန်ထိ တာဝန်ပေးခဲ့ရာ ရလဒ်ပိုင်း တိုးတက်မှုမရှိခဲ့သဖြင့် ရာသီပိတ်သိမ်းချိန်တွင် တန်းဆင်းဇုန်အထက် အဆင့်(၁၇) နေရာ၌ ရပ်တည်နိုင်ခဲ့သောကြောင့် ပြီးခဲ့သည့်လအတွင်းက အသင်းပရိသတ်များသည် လေ့ကျင့်ရေးကွင်းအထိ ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက အသင်းကစားသမားဟောင်း အယ်လ်မီဒါကို နည်းပြသစ်ခန့်အပ်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**



## လိုင်ယွန်တောင်ပံကစားသမား မာလစ်ဖိုဖန်နာကို ချဲလ်ဆီးအသင်း ခေါ်ယူရန်ကမ်းလှမ်း

**လန်ဒန် ဇွန် ၁၇**

ချဲလ်ဆီးအသင်းသည် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ဒေါ့မွန်အသင်းမှ တောင်ပံကစားသမား ဂစ်တန်းကို ခေါ်ယူနိုင်ခဲ့ပြီးနောက် အသင်းမှ ထွက်ခွာသွားသည့် ဆန်ချိုနေရာတွင် တောင်ပံကစားသမားတစ်ဦး ထပ်မံခေါ်ယူမည်ဖြစ်ရာ လိုင်ယွန်အသင်း ကစားသမား မာလစ်ဖိုဖန်နာကို စတာလင်ပေါင် ၄၂ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

ချဲလ်ဆီးအသင်း အနေဖြင့် ဆန်ချိုကို အပြီးသတ်မခေါ်ယူဘဲ မန်ယူအသင်းသို့ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် တောင်ပံတိုက်စစ်ပိုင်းတွင် ညာသန်ကစားသမားတစ်ဦး အလိုရှိခဲ့ကာ လိုင်ယွန်အသင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၂၀ ရှိ မာလစ်ဖိုဖန်နာကို အသင်းတိုက်စစ်ပိုင်းတွင် ထည့်သွင်းရန် စီစဉ်ခဲ့ပြီးနောက် ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ ကစားသမားနှင့် ကနဦးသဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်ကစားသမား မာလစ်ဖိုဖန်နာသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ဘယ်လ်ဂျီယံကလပ် ဂျန့်အသင်းမှ လိုင်ယွန်အသင်းသို့ ရောက်ရှိခဲ့ကာ အသင်းနှင့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့် ပြိုင်ပွဲစုံ ၄၁ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့်အပြင် အသင်းကို ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိအောင် ပို့ဆောင်ခဲ့ရာတွင် အဓိကနေရာမှ ပါဝင်ခဲ့သည်။



လက်ရှိတွင် ချဲလ်ဆီးအသင်းသည် ဖီဖာကလပ်ကမ္ဘာ့ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်လျက်ရှိနေပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် လော့အိန်ဂျလိစ်အသင်းနှင့် ကစားခဲ့ရာတွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်ရန် အခွင့်အရေး များနေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ တိုက်စစ်မှူး ဂျာအိုဖီးလစ်သည် ဖီဖာကလပ်ကမ္ဘာ့ဖလား ယှဉ်ပြိုင်မည့် ချဲလ်ဆီးအသင်းလူစာရင်းမှ ချန်လှပ်ခံရပြီးနောက် အသင်းမှထွက်ခွာရန် စီစဉ်နေသောကြောင့် ဘင်ဖီကာအသင်း နည်းပြက ၎င်းကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ❑ ခံစစ်ကစားသမားလာပေါ်တီအနေဖြင့် အယ်နာဆာအသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း ၎င်းအနေဖြင့် လုပ်ခလစာလျှော့ယူ၍ ဥရောပသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသောကြောင့် ဘီလ်ဘာအိုအသင်းက လာပေါ်တီကိုခေါ်ယူရန် အယ်နာဆာအသင်းနှင့် ကနဦးဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- ❑ တိုက်စစ်မှူး ဒါဝင်နူနက်က လီဗာပူးအသင်းနှင့် ဘောလုံးရာသီသုံးရာသီကစားအပြီးတွင် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး နာပိုလီအသင်းနှင့်ဆော်ဒီပရိုလိဂ်အသင်းများက တရားဝင်ကမ်းလှမ်းမှုပြုလုပ်ထားသဖြင့် လာမည့်ရက်သတ္တပတ်အတွင်း လီဗာပူးအသင်းကစားသမားဘဝ အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။

**ML**

## Team Europe Ryder Cup တွင် မက်အီလ်ရွိုင်း ပထမဆုံးရွေးချယ်ခံရ




**အီဒင်ဘာ့ဂ် ဇွန် ၁၇**

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် မက်အီလ်ရွိုင်းသည် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် Team Europe တွင် ပထမဆုံး ရွေးချယ်ခံခဲ့ရကြောင်း ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

Team Europe အနေဖြင့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဝင်ရန်အတွက် ကစားသမား ၁၂ ဦး ရွေးချယ်မည်ဖြစ်ပြီး ၁၂ ဦးတွင် ခြောက်ဦးမှာ ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ရရှိသောရလဒ်များပေါ်မူတည်ပြီး ရမှတ်တွက်ချက်ကာ အမှတ်အများဆုံးရရှိသည့် ကစားသမားခြောက်ဦးနှင့် အသင်းခေါင်းဆောင်စိတ်ကြိုက်ရွေးချယ်သွားမည့် ကစားသမား ခြောက်ဦး စုစုပေါင်း ၁၂ ဦး ရွေးချယ်မည်ဖြစ်သည်။

မက်အီလ်ရွိုင်းသည် The Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ပြီး ရမှတ်မှာ အမှတ်ပေးဇယားထိပ်တွင် ရပ်တည်ထားနိုင်ခဲ့ပြီးနောက် Team Europe တွင် ပထမဦးဆုံး ရွေးချယ်ခံခဲ့ရသည့် ကစားသမား ဖြစ်လာခဲ့ခြင်းဖြစ်သည်။

မက်အီလ်ရွိုင်းက "ဥရောပအသင်းအတွက် ကိုယ်စားပြုကစားခွင့်ရတိုင်း အရမ်းကိုဂုဏ်ယူရပါတယ်။ ကျွန်တော့်အနေနဲ့ ရှစ်နှစ်ဆက်တိုက် ဥရောပအသင်းမှာ ပါဝင်ကစားခွင့်ရတော့မှာကိုလဲ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ အသင်းခေါင်းဆောင် လုခ်နဲ့ တွဲဖက် အလုပ်လုပ်ရမှာကိုလဲ ဝမ်းသာမိပါတယ်။ ရိုးမားမြို့မှာ တုန်းက ကျွန်တော်တို့ ဥရောပအသင်းက အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ကြတယ်။ လုခ်ကပဲ ဥရောပအသင်းကို ဂုဏ်ယူစရာကောင်းတဲ့ အောင်မြင်မှုရအောင် ဦးဆောင်ပေးခဲ့တာပါ။ နောက်ထပ် တစ်ကြိမ် သူလုပ်ပေးနိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဆလာနီတာနာအသင်း နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားအများစု အစာအဆိပ်သင့်မှုကြောင့် ဆမ့်ဒိုးရီးယားနှင့်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန်တောင်းဆို



ရောမ ဇွန် ၁၇

ဆလာနီတာနာ အသင်းက အသင်းမှ နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားအများစု အစာအဆိပ်သင့်မှု ဖြစ်ပွားနေသည့်အတွက် အီတလီစီးရီးဘီပြိုင်ပွဲမှ တန်းမဆင်းရရေး အဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် ရှုံးထွက်ပွဲစဉ်အဖြစ် ဆမ့်ဒိုးရီးယားအသင်းနှင့် ကစားမည့်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

ဆလာနီတာနာ အသင်းသည် ဇွန် ၁၆ ရက်က ကစားခဲ့သည့် အီတလီစီးရီးဘီပြိုင်ပွဲမှ တန်းမဆင်းရရေး အဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် ရှုံးထွက်ပွဲစဉ် ပထမအကျော့ပွဲစဉ်အဖြစ် ဆမ့်ဒိုးရီးယားအသင်းနှင့်ကစားခဲ့ရာ နှစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး အဆိုပါပွဲစဉ်အပြီးတွင် အသင်းမှ နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားအများစုအနေဖြင့် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ပြီး နေထိုင်မကောင်းသည့်အတွက် ဆေးဝါးကုသမှုများ ခံယူခဲ့ရခြင်း ဖြစ်သည်။

ဆလာနီတာနာအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အီတလီစီးရီးအေပြိုင်ပွဲမှ စီးရီးဘီပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ရလဒ်ပိုင်း ကောင်းမွန်ခြင်းမရှိခဲ့ဘဲ စီးရီးဘီပြိုင်ပွဲတွင် အဆင့် (၁၆) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည့်အတွက် စီးရီးဘီမှ တန်းမဆင်းရရန် အဆင့်(၁၇)နေရာမှ ဆမ့်ဒိုးရီးယားအသင်းနှင့် ရှုံးထွက်အဆင့်ပွဲစဉ် ကစားခဲ့ရခြင်းဖြစ်သည်။

ဆလာနီတာနာ အသင်းက အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်အတွက် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေပြီး ကစားသမားများအနေဖြင့်လည်း လေ့ကျင့်ခန်းဆင်းရန်ပင် အဆင်မပြေဖြစ်နေသောကြောင့် ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုထားကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# German Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ မက်ဒါလီနာတက်ရောက်

ဘာလင် ဇွန် ၁၇

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပနေသည့် German Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ကမ္ဘာ့အဆင့် (၂၅)နေရာ၌ ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် မက်ဒါလီနာနှင့် ကမ္ဘာ့အဆင့်(၈) နေရာတွင် ရပ်တည်နေသည့် ရုရှားတင်းနစ်မယ် အန်ဒရီဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မက်ဒါလီနာက (၂-၆၊ ၇-၅၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်အရွယ်သာ ရှိသေးသည့် အန်ဒရီဗာသည် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီတွင် အောင်မြင်မှုများစွာရရှိထားသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး အသက် ၁၈ နှစ်အရွယ်ဖြင့်ပင် ကမ္ဘာ့အဆင့် သတ်မှတ်ချက် အဆင့်(၁၀)အတွင်းသို့ ဝင်ရောက်လာနိုင်ခဲ့ခြင်း ဖြစ်သော်လည်း မက်ဒါလီနာနှင့်ပွဲစဉ်တွင် ပုံစံကောင်းများ ပျောက်ဆုံးကာ ပြတ်သားသည့် ရလဒ်များဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အန်ဒရီဗာအနေဖြင့် ပွဲစဉ်အတွင်း အမှားများခဲ့ပြီး တချို့အမှားများမှာ ထင်မှတ်မထားသည့် အမှားများ ဖြစ်သည့်အတွက် စိတ်ပျက်မိကြောင်းလည်း အန်ဒရီဗာက ပြောကြားခဲ့သည်။

မက်ဒါလီနာက “ကမ္ဘာ့အဆင့် (၁၀)အတွင်း ရပ်တည်နေသည့် ပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်ကစားတိုင်း အမြဲတမ်းအခက်အခဲတွေနဲ့ ရင်ဆိုင်ရပါတယ်။ အထူးသဖြင့် အန်ဒရီဗာနဲ့ကစားတိုင်း ခက်ခဲခဲ့တယ်။ အန်ဒရီဗာဟာ တကယ့်ဖိုက်တာတစ်ယောက်ပါ။ သူ့ရဲ့ တင်းနစ်စွမ်းရည်ဟာ အရမ်းကို ကောင်းတယ်။ ကျွန်မအနေနဲ့ အနိုင်ရလဒ် ရယူနိုင်ဖို့အတွက် စပေးဘောတွေကို သေချာပြင်ဆင်ခဲ့တယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းကြောင့် ဒရော့ဟီဒါယူနိုက်တက်အသင်း ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲမှထုတ်ပယ်ခံရ

အီဒင်ဘာ့ဂ် ဇွန် ၁၇

ကလပ်အသင်း ပိုင်ရှင်တူ စည်းမျဉ်းကြောင့် အိုင်ယာလန်ကလပ်အသင်း တစ်သင်းဖြစ်သည့် ဒရော့ဟီဒါယူနိုက်တက် အသင်းအနေဖြင့် ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရသည်။

ဒရော့ဟီဒါ ယူနိုက်တက် အသင်းသည် လာမည့်ဘောလုံးရာသီတွင် ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိထားသော်လည်း ကလပ်အသင်းပိုင်ရှင်တူစည်းမျဉ်းနှင့် ငြိစွန်းနေသည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က ဒရော့ဟီဒါယူနိုက်တက်အသင်းကို ပြိုင်ပွဲမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဒရော့ဟီဒါအသင်းကို Trivela Groupက ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး Trivela Group သည် ဒရော့ဟီဒါအသင်းအပြင် ဒိန်းမတ်ကလပ်အသင်းတစ်သင်းဖြစ်သည့် စကီဘော့အသင်းကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် ဒရော့ဟီဒါအသင်းနှင့် စကီဘော့အသင်းတို့သည် ပိုင်ရှင်တစ်ဦးတည်းက ပိုင်ဆိုင်သည့် အသင်းများဖြစ်ပြီး လာမည့် ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲကို နှစ်သင်းစလုံးဝင်ခွင့်ရရှိထားသည့်အတွက် ဒရော့ဟီဒါယူနိုက်တက်အသင်း အနေဖြင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရခြင်း ဖြစ်သည်။

ကလပ်အသင်း ပိုင်ရှင်တူ စည်းမျဉ်းတွင် ကလပ်အသင်း နှစ်သင်းအနေဖြင့် ပိုင်ရှင်တစ်ဦးတည်းက ပိုင်ဆိုင်ထားပြီး ပြိုင်ပွဲတစ်ခုတည်းတွင် နှစ်သင်းစလုံး ဝင်ခွင့်ရရှိမည်မဟုတ်ဘဲ သက်ဆိုင်ရာအမှတ်ပေးပြိုင်ပွဲတွင် အဆင့်နိမ့်ကျသည့် အသင်းတစ်သင်း အနေဖြင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည်ဟု ပါရှိသည့်အတွက် ဒရော့ဟီဒါ ယူနိုက်တက်အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်နိမ့်ကျသည့်အတွက် ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

အလားတူ ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိထားသည့် ပဲလေ့စ်အသင်းနှင့် လိုင်ယွန်အသင်းတို့သည်လည်း ကလပ်အသင်းပိုင်ရှင်တူ အသင်းများဖြစ်သည့်အတွက် ပဲလေ့စ်အသင်းအနေဖြင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံရဖွယ်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# WBO ဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် ဘရိုင်ယန်က ဆာဆာကီနှင့် ထိုးသတ်သွားမည်

တိုကျို ဇွန် ၁၇

WBO ဝယ်သာဝိတ်တန်း လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဘရိုင်ယန်နှင့် စိန်ခေါ်သူ ဂျပန်လက်ဝှေ့သမား ဆာဆာကီတို့ ဇွန် ၁၉ ရက်တွင် ဂျပန်နိုင်ငံ၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘရိုင်ယန်သည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး လက်ရှိချန်ပီယံဆုကိုလည်း တစ်ကြိမ်ကာကွယ်ထားနိုင်သူဖြစ်သည်။

ဆာဆာကီသည်လည်း WBO Asia Pacific ဝယ်သာဝိတ်တန်း ချန်ပီယံဆုအား ငါးကြိမ်တိုင်တိုင် အောင်မြင်စွာ ကာကွယ်ထားနိုင်ပြီး OPBF ဝယ်သာဝိတ်တန်း လက်ရှိချန်ပီယံကိုလည်း နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ ကာကွယ်ထားနိုင်သူဖြစ်သည်။

ရှုံးပွဲတစ်ပွဲသာ ရှိသေးသည့် လက်ဝှေ့သမား တစ်ဦးဖြစ်ပြီး ချန်ပီယံခါးပတ်နှစ်ခုကို ကြာရှည်စွာ ကာကွယ်ထိန်းသိမ်းထားနိုင်သည့်အတွက်ကြောင့် ကမ္ဘာ့ချန်ပီယံဖြင့် ထိုးသတ်ခွင့်ရရှိလာခဲ့ခြင်းလည်းဖြစ်သည်။

ဘရိုင်ယန်က “ကျွန်တော်အနေနဲ့ ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်တဲ့ ဆာဆာကီနဲ့ ထိုးသတ်သွားမဲ့ပွဲစဉ်မှာ ကျွန်တော့်ရဲ့ ပါရမီတွေကို တစ်ကမ္ဘာလုံးသိအောင် ပြသခွင့်ရမဲ့ပွဲဖြစ်ပါတယ်။ ဘယ်လိုနေရာ ဘယ်လိုဒေသမှာမဆို ဘယ်လိုပြိုင်ဘက်မျိုးနဲ့မဆို ယှဉ်ပြိုင် ထိုးသတ်သွားဖို့အတွက် အဆင်သင့်ပါပဲ။ ဆာဆာကီအနေနဲ့ ဘယ်လိုတွေရလဒ်ကောင်းနေပါစေ ကျွန်တော်နဲ့တွေ့ရင် သူဘာမှမဟုတ်သေးဘူးဆိုတာသိသွားလိမ့်မယ်။ သူဘယ်လောက်ကြိုးစားကြိုးစား ရနေကျရလဒ်နဲ့ပဲ အဆုံးသတ်သွားလိမ့်မယ်လို့ ကြိုတင်ပြောကြားချင်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ၂၀၂၀ ပြည့်နှစ်မှစတင်၍ တိုက်စစ်ပိုင်း ပြောင်းရွှေ့ကြေးအများဆုံးအသုံးပြုသည့် အသင်းများစာရင်းတွင် ချဲလ်ဆီးအသင်း ထိပ်ဆုံး၌ရပ်တည်



လန်ဒန် ဇွန် ၁၇

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အပြောင်းအရွှေ့မှ စတင်ပြီး အပြောင်းအရွှေ့ ကာလများတွင် တိုက်စစ်ပိုင်းအတွက် ပြောင်းရွှေ့ကြေးအသုံးစရိတ် အများဆုံးအသုံးပြုခဲ့သည့် ကလပ်အသင်းများစာရင်းတွင် ချဲလ်ဆီးအသင်းက ထိပ်ဆုံး၌ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

ချဲလ်ဆီးအသင်းကို လက်ရှိအသင်းပိုင်ရှင် တော့ဘိုလီ ပိုင်ဆိုင်ခဲ့ပြီးနောက် အပြောင်းအရွှေ့ကာလတိုင်းတွင် ပြောင်းရွှေ့ကြေး အသုံးစရိတ်အများအပြားအသုံးပြုခဲ့ပြီး အသင်းတိုက်စစ်ပိုင်းအတွက် ပြောင်းရွှေ့ကြေးကို ပိုမိုအသုံးပြုခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အပြောင်းအရွှေ့ကာလမှစတင်ပြီး လက်ရှိအပြောင်းအရွှေ့ကာလထိ အသင်းတိုက်စစ်ပိုင်းအတွက် ကစားသမား ၂၁ ဦးထိခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေး အသုံးစရိတ်ကိုလည်း စတာလင်ပေါင် ၈၀၃ သန်းထိ အသုံးပြုခဲ့ခြင်းဖြစ်သည်။


၂၀၂၀ ပြည့်နှစ်မှ စတင်ပြီး ယခုနှစ်အပြောင်းအရွှေ့ကာလထိ အသင်း တိုက်စစ်ပိုင်းအတွက် ပြောင်းရွှေ့ကြေး အသုံးပြုမှုအများဆုံးကလပ်အသင်း စာရင်းတွင် ချဲလ်ဆီးအသင်း၏ နောက်၌ ပီအက်စ်ဂျီအသင်းက ကစားသမား ၁၇ ဦးအတွက် စတာလင်ပေါင် ၄၇၆ သန်း၊ မန်စီးတီးအသင်းက ၁၁ ဦးအတွက် ၄၁၇ သန်း၊ မန်ယူအသင်းက ၁၀ ဦးအတွက် ၃၄၇ သန်း၊ အေဗီလာအသင်းက ၁၀ ဦးအတွက် ၂၉၃ သန်း၊ နာပိုလီအသင်းက ၁၃ ဦးအတွက် ၂၈၂သန်း၊ စပါးအသင်းက ၁၂ ဦးအတွက် ၂၈၁ သန်း၊ ဘိုင်ယန်မြူးနစ်အသင်းက ၁၁ ဦးအတွက် ၂၆၄ သန်း၊ အေစီမီလန်အသင်းက ၁၇ ဦးအတွက် ၂၅၁ သန်းနှင့် ဘင်ဖီကာအသင်းက ၁၇ ဦးအတွက် ၂၄၈ သန်း အသီးသီး အသုံးပြုခဲ့ကြကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

၁ ၂ ၃

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




၄ ၅ ၆

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# စာရိတ္တရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ဇွန် ၂၂ ရက်တွင် ထုတ်လွှင့်သွားမည်




**ရန်ကုန် ဇွန် ၁၇**

စာရိတ္တ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ဇွန် ၂၂ ရက်ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ စာရိတ္တရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာစိုးမိုးမင်းထံမှ သိရသည်။

အဆိုပါ စာရိတ္တရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားပြီး ဇာတ်လမ်းကို ဒီဒီထက်အောင်က ရေးသားထားကာ ဒါရိုက်တာ စိုးမိုးမင်း၊ Art Director နေသူရိန်နှင့် DOP ထွဋ်တင့်ထွန်းတို့က ပုံဖော် ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကို ကျွန်တော့်အနေနဲ့ ၅၂၈ မေတ္တာ၊ ၁၅၀၀ အချစ်ကို ဟာသ၊ ဒရာမာနဲ့ အက်ရှင်ရောပြီး ပရိသတ်တွေအတွက် ရသပေါင်းစုံ ခံစားစေရအောင် ဖန်တီးထားပါတယ်။ အနုပညာရှင်တွေ အင်အားဖြိုင်ဖြိုင်ဆိုင်ဆိုင် သုံးထားတဲ့ ဇာတ်ကားလို့လဲ ပြောလို့ရပါတယ်။ ဇာတ်ကား မပြခင် Trailer ရဲ့ စကားလုံးတွေ ပရိသတ်ကြားပေါက်တယ် အသံပြန်ကြားလို့လဲ ပီတိဖြစ်ပါတယ် "ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

အဆိုပါ စာရိတ္တရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ ကောင်းမြတ်စံ၊ ထက်အောင်ရှိုင်း၊ မင်းဘုန်းမြတ်၊ တေဇလင်းရောင်၊ မေမြင့်မိုရ်၊ ဝေလာရီ၊ ထွန်းပုလဲရတနာ၊ ဥဩသံသာ၊ လှနုထွန်းနှင့် သရုပ်ဆောင်များစွာပါဝင်ထားကြောင်း သိရသည်။ ASH

# တေးသံရှင် သာဒီးလူ၏ တေးဂီတဖျော်ဖြေပွဲကို လှိုင်သာယာမြို့နယ်ရှိ Family Vibe ၌ ပြုလုပ်မည်ဖြစ်




**ရန်ကုန် ဇွန် ၁၇**

တေးသံရှင် သာဒီးလူ ၏ The Rock Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ Family Vibe ၌ ဇူလိုင် ၁၀ ရက်တွင်Live Music Show အဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် သာဒီးလူထံမှ သိရသည်။

အဆိုပါ The Rock Night တေးဂီတဖျော်ဖြေပွဲကို လှိုင်သာယာမြို့နယ်ရှိ Family Vibe ၌ Live Music Show အဖြစ် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်သာဒီးလူ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို The Virus Music Band တေးဂီတအဖွဲ့က အကောင်းဆုံး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၁၀ ရက်နေ့မှာ Family Vibe Pool & Restaurant မှာ ရှိနေမှာပါ။ ကျွန်တော်နဲ့အတူ စည်သူနဲ့ ဒီဂျေ Yin Yang တို့ကလဲ အကောင်းဆုံး အားဖြည့်သီဆိုပေးသွားမှာပါ။ ရော့သီချင်းအမိုက်စားလေးတွေနဲ့ ဖျော်ဖြေမှုတွေကို လိုက်ပါစီးမျောနားဆင်ရင်း စိတ်အပန်းဖြေရမဲ့ Live Show ညချမ်းလေးတစ်ခုမို့ လာရောက်အားပေးနားဆင်ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင် သာဒီးလူက ပြောပြသည်။

တေးသံရှင် သာဒီးလူ၏ The Rock Night တေးဂီတဖျော်ဖြေပွဲကို လှိုင်သာယာမြို့နယ်ရှိ Family Vibe တွင် Live Music Show အဖြစ် ဇူလိုင် ၁၀ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# ၇၈ နှစ်မြောက် အာဇာနည်နေ့တွင် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ၌ အထူးပြပွဲ ပြသမည်

**ရန်ကုန် ဇွန် ၁၇**

ယခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် ၇၈ နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက် (ရန်ကုန်)တွင် အထူးပြပွဲ ပြသမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) မှ ဦးစီးအရာရှိ ဒေါ်ညိုညိုယဉ်မောက်ထံမှ သိရသည်။

၇၈ နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် အထူးပြပွဲ ခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည် ဖြစ်ကြောင်း သိရသည်။

"ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ဝင်းတံခါးအဝင်မှာ ဗိုလ်ချုပ်စီးတဲ့ ကားပြကွက်ကို တွေ့ရမှာပါ။ ပြတိုက်အတက်လမ်းမှာ ဘုတ်ပြား ၁၈ ချပ်နဲ့ ဗိုလ်ချုပ်ရဲ့ သမိုင်းဝင်မှတ်တမ်း အချက်အလက်တွေနဲ့ ဓာတ်ပုံတွေကို ပြသထားမှာဖြစ်ပါတယ်။ ပြတိုက်ရဲ့အဝိုင်းထိပ်လေသာဆောင်မှာ ပက်လက်ကုလားထိုင်နဲ့ စာဖတ်အနားယူနေတဲ့ ဆီလီကွန်ဗိုလ်ချုပ်ရုပ်တုပုံ၊ ဗိုလ်ချုပ်ဖတ်ခဲ့တဲ့စာအုပ်၊ ဗိုလ်ချုပ်နာမည်ပါတဲ့ မီးခြစ်၊ ဆေးလိပ်၊ ပြာခွက်၊ ဆေးလိပ်ဘူးတို့ကိုပြသထားပါတယ်။ အဲဒီကနေ ဗိုလ်ချုပ်မိသားစု ထမင်းစားခန်းမှာ အသုံးပြုခဲ့တဲ့ ပရိဘောဂတွေကိုတွေ့ရမှာပါ။ အဲဒီအခန်းမှာ ဗိုလ်ချုပ်ရဲ့ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးသမားဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝနဲ့ နိုင်ငံ့ခေါင်းဆောင်ဘဝဖြစ်စဉ်တွေကို ဘုတ်ပြားငါးချပ်နဲ့ ပြသထားမှာ ဖြစ်ပါတယ်။ ဒ့ါပြင် မိသားစုဘဝ၊ ဗိုလ်ချုပ်ရဲ့ ဘဝဖြစ်စဉ်အကျဉ်းချုပ်၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက် (ရန်ကုန်)ရဲ့ သမိုင်းအကျဉ်းတွေကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာနဲ့ ပြသထားတာတွေ၊ ဗိုလ်ချုပ်မိသားစု ဓာတ်ပုံစသဖြင့် ပြသထားမှာဖြစ်ပါတယ်"ဟု ဒေါ်ညိုညိုယဉ်မောက်ကပြောပြ၍ သိရသည်။ ASH

# WWE အမျိုးသမီး နပန်းသမားဂျိတ်ကာဂျီး True Threat ဇာတ်ကား၌ ပါဝင်မည်

**နယူးယောက် ဇွန် ၁၇**

True Threat အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကား၌ WWE အမျိုးသမီး နပန်းအားကစားသမား ဂျိတ်ကာဂျီး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

True Threat ဇာတ်ကားသည် ဂျိတ်ကာဂျီးအတွက် ပထမဆုံး ပွဲဦးထွက် သရုပ်ဆောင်ရမည့် ဇာတ်ကားဖြစ်သည်။

True Threat ဇာတ်ကားတွင် ဂျိတ်ကာဂျီးသည် မင်းသား ဂျိုနသန်မေဂျာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

True Threat ဇာတ်ကားသည် သားငယ်ဖြစ်သူ သတ်ဖြတ်ခံရသည့် လူဆိုးဂိုဏ်း တစ်ဂိုဏ်းကို လက်စားချေရန် ကြိုးစားခဲ့သော အထူးတပ်ဖွဲ့ဝင်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

True Threat ဇာတ်ကားကို ဒါရိုက်တာ ဂျာရက်မက်မာရေးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ ဟော့ကေဂျွန်ဆင်နှင့်ပူးတွဲ ရေးသားထားကြောင်း သိရသည်။

True Threat ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို ယခုနှစ် ဆောင်းရာသီအတွင်း စတင်ရန်စီစဉ်ထားသည်။

**Ref : Sputnik News**

**Trs : KKO**



# Mike Hammer ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား မက်သရူးမက်ကွန်နော့ဟေး ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၁၇**

True Detective ဇာတ်လမ်းတွဲမှ Mike Hammer ဇာတ်ကောင်ကို ဗဟိုပြုရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား မက်သရူးမက်ကွန်နော့ဟေး ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇွန် ၁၆ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် အဆိုပါ ရုပ်ရှင်ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်ရန်အတွက် မင်းသား မက်သရူးမက်ကွန်နော့ဟေးသည် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အဆိုပါ Mike Hammer ဇာတ်ကားသစ်ကို Skydance ကုမ္ပဏီက တာဝန်ယူ ရိုက်ကူးထုတ်လုပ်မည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို True Detective ဖန်တီးသူ နစ်ပစ်ဇိုလာတိုက တာဝန်ယူ ရေးသားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Mike Hammer ဇာတ်ကား ရိုက်ကူးမည့် ဒါရိုက်တာကို Skydance ကုမ္ပဏီက ရွေးချယ်ရခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Farmers to plant more than 1,000 acres of chilli in ChaungU Township this year


A chilli plantation in ChaungU Township.

**ChaungU June 17**

Statistics of ChaungU Township Agriculture Department in Sagaing Region stated that local farmers will grow more than 1,000 acres of chilli as monsoon crops in ChaungU Township this year.

During the 2025-2026 monsoon crop season, it has been planned to cultivate 1,382 acres of chilli crops in ChaungU Township, and it is reported that the cultivation will take place from June to September of this year.

U Tint Swe, Head of the Agriculture Department in ChaungU Township, stated: "This year, during the monsoon crop season, we have planned to grow over 1,000 acres of chilli crops in ChaungU Township. Cultivation will begin this month. Efforts will be made to ensure the planned acreage is successfully cultivated. The condition for chilli cultivation is good. We will also provide support to promote commercial chilli farming."

It is learned that to help farmers achieve high yields and secure market access, officials from the relevant district and township agriculture departments will provide technical assistance on cultivation techniques, pest prevention and control, and improving soil fertility.

From the start of cultivation to the harvesting period, the estimated cost for chilli farming is around K1.5 million for those using their own land, and around K2.5 million for those leasing land. Chilli crops can be harvested every 15 days and continue for up to six months. At the beginning of the harvest period, approximately 100 viss per acre can be collected, and in the following weeks, the yield may reach between 400 to 500 viss per acre. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 70,000 viss of tilapia fish sent to Yangon market in May

**Nyaungdon June 17**

Local merchants from Nyaungdon Township of Ayeyawady Region sold 70,000 viss of tilapia to Yangon market in May 2025, said Daw Khin Khin Htay, the owner of marine product trading in Nyaungdon Township.

In April of this year, up to 50,000 viss of tilapia fish from Nyaungdon Township were successfully delivered and sold to the Yangon market. In May, up to 70,000 viss were delivered and sold. It is reported that in this region, fishery trade businesses purchase locally sourced fishery products, clean them systematically, and continue to export and sell them to the Yangon market.

"From our side, we mainly supply fishery products to the Yangon market. Since there is strong demand for tilapia fish in the local Yangon market, we were able to sell large volumes in viss weight. With such high volumes being delivered and sold, both producers and traders are doing well. Due to the increasing demand for fish, fish farmers are also increasing their stock," said Daw Khin Khin Htay.

Tilapia fish from Nyaungdon Township include both farm-raised and naturally caught varieties. The farming period for tilapia fish is about two and a half to three months. It is reported that tilapia fish delivered from Wakema Township to the Yangon market are currently being sold at prices as high as 14,500 kyats per viss.

Kyaw Kyaw Lin


Tilapia fish seen at a market.

# Sweet potatoes marketable in Danubyu Township

**Danubyu June 17**

Sweet potatoes produced by Danubyu Township of Ayeyawady Region are in high demand at the domestic market, said Daw Hla Hla Win, the owner of agricultural produce trading commodity in Danubyu Township.

In Danubyu Township, since the first week of June this year until today, the trade of locally grown sweet potatoes has been going well. It is currently the harvest season for sweet potatoes, and the price has reached up to K4,200 per viss.

"This is the time when the sweet potatoes planted by local farmers are starting to yield. Since the market for sweet potatoes is strong at the moment, not only are the farmers benefiting from good prices, but agricultural laborers are also finding better opportunities. One of the reasons the sweet potatoes price is good this year is that fewer farmers planted sweet potatoes compared to last year, while demand in both local markets and the Yangon market remains high," said Daw Hla Hla Win, an agricultural produce trader in Danubyu Township.

In Danubyu Township, farmers cultivate sweet potatoes and other seasonal crops alongside rice farming. Sweet potatoes are planted by individual farmers in plots ranging from one to five acres. The general cultivation cost for one acre of taro this season is reported to be up to K350,000, and if the crop grows well without significant losses, profits can exceed K900,000 per acre.

Kyaw Kyaw Lin

# Plan underway to grow more than 12,000 acres of monsoon paddy in Myinmu Township this year

**Myinmu June 17**

According to Sagaing District Agriculture Department, local authorities earmarked cultivation of 12,000 acres of monsoon paddy in Myinmu Township of Sagaing Region this year.

During the 2025–2026 monsoon crop season, it is planned to cultivate 12,133 acres of monsoon paddy in Myinmu Township. The planting of this monsoon paddy is expected to take place from July to September this year.

"This year, for the monsoon crop season in Myinmu Township, we have planned to cultivate over 12,000 acres of monsoon paddy. Efforts will be made to ensure full implementation of the planned acreage. Necessary technologies and quality seeds will be provided for monsoon paddy cultivation. Fieldwork will be carried out to help farmers plant their crops in a timely manner," said Daw Thida Lwin, head of the Sagaing District Agriculture Department.

It is learned that during this year's monsoon cropping season, the respective township agriculture departments and local farmers will work together to ensure systematic cultivation without difficulties.

Farmers growing monsoon paddy in Myinmu Township will be provided with agricultural techniques, pest and disease prevention awareness, and knowledge to help prevent crop losses. Guidance will also be given to ensure the harvested paddy is promptly and properly sheltered.

This year, in order to achieve successful and high-yield monsoon paddy fields in Myinmu Township, the township agriculture department and staff will conduct field activities such as selecting and cultivating high-quality pure seeds, ensuring protection from pests, proper weeding and thinning, removal of unwanted varieties, and systematic use of fertilizers. 206

# Ngwetaung beach from Hainggyikyun attracts more than 17,000 travellers in May



Visitors seen at Ngwetaung beach.

**Ngaputaw June 17**

A total of 17,566 travellers paid visits to Ngwetaung Beach of Hainggyikyun in Ngaputaw Township of Ayeyawady Region in May, said Daw Ni NiMar, the in-charge of the Ngaputaw Township Tourism Association.

Only 14,155 tourists visited Ngwetaung Beach of Hainggyikyun in Ngaputaw Township during the month of April this year. However, in May 31, the number of visitors increased to 17,566.

"Ngwetaung Beach is located near the Myat Mautinsun Pagoda. Many tourists who came to pay homage to the pagoda extended their visit to relax at the beach. In the past month alone, 17,566 tourists visited Ngwetaung Beach. The influx was mainly due to the weekends and public holidays. We expect even more visitors when the weather becomes more favorable. Over the past month, there has been a noticeable increase in domestic travellers, including those from Yangon. Currently, many people are still visiting, and we are providing proper services to the tourists," said Daw Ni Ni Mar.

She added that most of the visitors to Ngwetaung Beach over the past month were from the Yangon Region. To ensure a smooth trip and a pleasant experience for the visitors, collaborative efforts are being made by tourism business owners, relevant authorities, and local residents. These efforts include maintaining cleanliness, providing systematic rest areas, and ensuring security and order.

Kyaw Kyaw Lin

# Farmers finish cultivation of more than 1,500 acres of green gram in Sagaing Township

**Sagaing June 17**

Statistics of Sagaing Township Agriculture Department of Sagaing Region mentioned that more than 1,500 acres of monsoon green gram has been planted in the township during this monsoon.

During the 2025–2026 monsoon crop season, it is planned to cultivate 45,194 acres of monsoon green gram in Sagaing Township. Planting began in May this year, and as of today, 1,531 acres have been planted.

"This year, over 45,000 acres of monsoon green gram are planned for cultivation in Sagaing Township during the monsoon crop season. So far, more than 1,500 acres have been planted. Efforts are being made to ensure that the full targeted acreage is achieved. Awareness programs are being carried out to encourage farmers to expand cultivation of green gram and to use quality, pure seeds to ensure good yields," said U Myo Thant Aung, head of the Sagaing Township Agriculture Department.

This year, the Township Agriculture Department is providing education and support to local green gram farmers in areas such as selecting high-quality, locally suitable, and pure seeds; using correct cultivation methods; pest prevention; proper use of fertilizers; and improving crop yields.

Additionally, during this year's monsoon crop season, in the cultivation of various types of pulses, collaboration with farmers is underway to ensure good yield and quality. This includes providing quality seeds, necessary inputs, and post-harvest techniques such as proper storage methods.

206



Green gram plantation in Sagaing Township.

# Wetlet Township to grow more than 130,000 acres of monsoon paddy this year

**Wetlet June 17**

A plan is underway to cultivate over 130,000 acres of monsoon paddy in Wetlet Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025–2026 monsoon cropping season, it is planned to cultivate monsoon paddy on 139,600 acres in Wetlet Township. It has been reported that the paddy cultivation will begin in June this year and continue through September.

Daw Kyin San, the Head of the Agriculture Department in Wetlet Township, stated, "This year, during the monsoon cropping season, we plan to cultivate over 130,000 acres of monsoon paddy in Wetlet Township. We will work towards achieving the full target acreage. We will also provide the necessary techniques and quality seeds for paddy cultivation. To ensure timely planting by farmers, we will provide on-site support."

It is reported that, during this year's monsoon cropping season, the respective township agriculture department will collaborate with local farmers to ensure systematic cultivation without any major difficulties.

In Wetlet Township, paddy farmers will be provided with agricultural techniques, awareness on pest control, guidance to prevent crop losses, and instructions to ensure that harvested paddy is stored under proper shelter in a timely manner.

To ensure high yields and successful paddy fields in Wetlet Township this year, the Township Agriculture Department staff will conduct field visits to guide farmers in selecting quality and pure seeds, preventing pest infestations, proper weeding, removing off-types, and using fertilizers systematically.

206

# Death toll of central Nigeria attack rises to over 151

**Abuja June 17**

The death toll of a weekend attack by suspected herders who swooped on a community in Nigeria's central state of Benue has risen to over 151, with dozens of others injured, a senior official said.

Hyacinth Alia, governor of Benue, told local media late Monday that the incident, which he described as "insane carnage," had left sorrow and shock in the state. The attack occurred in Yelwata, a town in the Guma local government area, between late Friday and the early hours of Saturday.

According to Alia, at least 127 bodies had been buried, two were in the morgue, 18 bodies were yet to be buried, and four had just been recovered from the bush on Monday, while the casualty figure might increase as the search for victims continues.

Benue State, located in Nigeria's central region between the Muslim-dominated north and the Christian-majority south, has witnessed repeated attacks in recent years. Yelwata, where the incident occurred, is a border community in the central region located about 40-km from Makurdi, the capital of Benue.

According to a statement by the National Emergency Management Agency on Monday, at least 1,069 households were affected by the recent violence in the state. A total of 6,527 people have been displaced, including 82 pregnant women, 252 lactating mothers, and 657 children under 18. Xinhua

# G7 summit kicks off with emerging disagreements among leaders

**Calgary June 17**

The Group of Seven (G7) leaders met for the first day of the two-day summit in Kananaskis in the province of Alberta, Canada, on Monday with emerging disagreements.

According to CNN, U.S. President Donald Trump does not intend to sign a joint statement calling for de-escalation between Israel and Iran.

European Commission President Ursula von der Leyen and European Council President António Costa held a press conference Sunday night saying that Israel has a right to defend itself and that Iran cannot obtain a nuclear weapon.

French President Emmanuel Macron, German Chancellor Friedrich Merz and British Prime Minister Keir Starmer were also hoping to finalize a consensus among the leaders about the Middle East situation.

Xinhua



The Group of Seven (G7) and Europe Union leaders pose for a group photo in Kananaskis in the province of Alberta, Canada, June 16, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဘယ်လာရုစ်နိုင်ငံက တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်၏ပုံစံတူကို ကာကွယ်ရေးပြပွဲတွင်ပြသ




ဘယ်လာရုစ်နိုင်ငံသည် Buk-MB2K တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်၏ပုံစံတူကို Indo Defense 2025 ကာကွယ်ရေးပြပွဲတွင် ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက ဇွန် ၁၆ ရက် တွင် ရေးသားဖော်ပြခဲ့သည်။

Buk-MB2K လက်နက်စနစ်သည် မကြာသေးမီက ဘယ်လာရုစ်တပ်မတော်တွင် စတင်တပ်ဖြန့်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ပြင်းထန်သော အီလက်ထရွန်နစ်တန်ပြန်စစ်ဆင်မှုများနှင့် ပေါင်းစပ်တိုက်ခိုက်လာမှုများကြားတွင် ဝေဟင်နှင့် မြေပြင်မှ ခြိမ်းခြောက်မှုများကို ကြားဖြတ်ဟန့်တားနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသည်။ ဘယ်လာရုစ်နိုင်ငံသည် Minsk မြို့ MILEX 2025 ပြပွဲတွင် စနစ်အပြည့်အစုံကို ပထမဦးဆုံး တရားဝင်မိတ်ဆက်ပြသနိုင်ခဲ့ကာ ယခု အရှေ့တောင်အာရှဒေသ Indo Defense 2025 ကာကွယ်ရေးပြပွဲတွင် ပုံစံတူပြသလာခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ယူကရိန်းနယ်စပ်အနီး တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် Buk-MB2K လက်နက်စနစ်သည် ယခုအခါ ပြည်တွင်းဒုံးကျည်ထုတ်လုပ်မှုစွမ်းရည်ကို အားဖြည့်ရန်နှင့် နိုင်ငံရပ်ခြားအပေါ် မှီခိုမှုလျှော့ချရန် ရည်ရွယ်သည့် အစီအစဉ်၏တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံ လေကြောင်း ကာကွယ်ရေးကွန်ရက်တွင် တရားဝင်တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။

Buk-MB2K လက်နက်စနစ်တွင် 9M318 ဒုံးကျည်ကို တပ်ဆင်ပစ်ခတ်ရန် တီထွင်ထုတ်လုပ်ထားပြီး ယခင်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်နှင့် အသုံးပြုခဲ့သော 9M38MB, 9M317 နှင့် 9M318 ဒုံးကျည်များအပါအဝင် အခြားမြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်အမျိုးအစားများအားလုံးနှင့် အဆင်ပြေစွာ ပေါင်းစပ်အသုံးပြုနိုင်နေဆဲဖြစ်ကြောင်း သိရသည်။

Buk-MB2K လေကြောင်းရန်ကာကွယ်ရေးစနစ်ကို 9K37MB2K ဟုလည်း တရားဝင်မှည့်ခေါ်ထားသေးသည်။ Buk-MB2K လက်နက်စနစ်သည် တစ်စက္ကန့်လျှင် မီတာ ၁၂၀၀ အမြန်နှုန်းဖြင့် ပျံသန်းနေသောပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်းတွင် ပစ်မှတ်များစွာကို တစ်ပြိုင်နက် ခြေရာခံထိန်းကျောင်းကာ တိုက်ပွဲဝင်နိုင်စွမ်း ပိုင်ဆိုင်ထားသည်။ ဝင်ရောက်လာနိုင်သည့် ခြိမ်းခြောက်မှုများ အပြင်းအထန်တိုက်ခိုက်မှုများကို တန်ပြန်ရန် ဤလုပ်ဆောင်ချက်သည် အရေးကြီးသည်။ ပစ်ခတ်ထိန်းချုပ်မှုနှင့် ပစ်မှတ်ဖြန့်ဝေပေးခြင်း လုပ်ငန်းစဉ်များကို ကြိုးကြပ်ကွပ်ကဲရေးယာဉ်မှ စီမံခန့်ခွဲသည်။ လက်နက်စနစ်တွင် ပြုပြင်မွမ်းမံထားသော ဆော့ဖ်ဝဲလ်အင်တာဖေ့စ်များနှင့် ဒစ်ဂျစ်တယ်လုပ်ငန်းခွဲစနစ်များပါဝင်ပြီး ၎င်းကို ခေတ်ဟောင်း Buk စနစ်များနှင့် ခေတ်မီအဆင့်မြင့် စနစ်များကြား ပေါင်းစည်းအသုံးပြုနိုင်စေခြင်းဖြင့် အပြန်အလှန်ကွန်ရက်ချိတ်ဆက် တိုက်ပွဲဝင်နိုင်မှု မြင့်မားကောင်းမွန်စေမည်ဖြစ်ပါသည်။ လက်နက်စနစ်၏ ရေဒါနှင့် ခြေရာခံထိန်းကျောင်းခြင်း အစိတ်အပိုင်းများကို ဘယ်လာရုစ်နိုင်ငံပိုင်စက်မှုလုပ်ငန်းများမှ တီထွင်ထုတ်လုပ်ထားပြီး ယခင် ရုရှားထုတ် Buk စနစ်ဟောင်းများဝယ်ယူထားသော နိုင်ငံများအတွက် အဆင့်မြှင့်တင်နိုင်ရေး ကမ်းလှမ်းဆောင်ရွက်ပေးနိုင်စေမည်လည်းဖြစ်သည်။

**IndoDefence 2025: Belarus offers new Buk-MB2K air defense system for Asian countries using outdated Soviet-era launchers.** ကို ဘာသာပြန်ဆိုထားပါသည်။

## အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံ ပူးပေါင်းတီထွင်ထားသည့် AFV သံချပ်ကာတိုက်ယာဉ်ကို ကာကွယ်ရေးပြပွဲတွင် မိတ်ဆက်ပြသခဲ့

အင်ဒိုနီးရှားကုမ္ပဏီ PT Industri Ketahanan Nasional (IKN) သည် ထိုင်းနိုင်ငံ Chaiseri ကုမ္ပဏီနှင့် ပူးပေါင်းတီထွင်ထားသည့် First Win Armored Fighting Vehicle (AFV) သံချပ်ကာတိုက်ယာဉ်ကို IndoDefence 2025 ကာကွယ်ရေးပြပွဲတွင် မိတ်ဆက်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက ဇွန် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိတွင် အဆိုပါ သံချပ်ကာတိုက်ယာဉ်ကို အင်ဒိုနီးရှားနိုင်ငံ၌ ရှေ့ပြေးပုံစံထုတ်လုပ်နေပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် လုပ်ဆောင်လျက်ရှိသည်။ အင်ဒိုနီးရှားစစ်သံရုံးမှ စစ်သံမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံရှိ Chaiseri ကုမ္ပဏီပိုင်စက်ရုံသို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် သွားရောက်ခဲ့ပြီး First Win AFV သံချပ်ကာတိုက်ယာဉ်ကို နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။

First Win AFV သံချပ်ကာတိုက်ယာဉ်သည် First Win အုပ်စုတွင် တတိယမျိုးဆက်အမျိုးအစားဖြစ်ပြီး လေးဘီးယက်(4x4) သို့မဟုတ် နှစ်ဘီးယက်(4x2) သံချပ်ကာတိုက်ယာဉ်အဖြစ် မိုင်းဒဏ်ခံကိုယ်ထည်ဖြင့် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဒီဇိုင်းသည် သမားရိုးကျကိုယ်ထည်ကို အသုံးမပြုဘဲ အလေးချိန်ညီမျှစွာဖြင့် တောင့်တင်းခိုင်မာစေရန် ထုတ်လုပ်ထားသည်။ ၎င်းယာဉ်ရှေ့ပိုင်းတွင်တပ်ဆင်ထားသော Cummins ISB အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး မြင်းကောင်ရေအနည်းဆုံး ၃၃၀ ကို ထုတ်လုပ်ပေးကာ အော်တိုဂီယာခြောက်ချက်ဖြင့် မြန်နှုန်းမြင့် ချီတက်မောင်းနှင်နိုင်သည်။ တောင်တက်လမ်းများတွင် အဆင်ပြေစေရန် ရွံ့၊ သဲ၊ နှင်းခဲ၊ ကျောက်တောင်များကဲ့သို့ အခက်ခဲများသောလမ်းမျိုးတွင် စွမ်းဆောင်ရည်မြင့်မားစေရန်ဂီယာ နှစ်ဆင့်လွှဲပြောင်းပေးသော စနစ် အသုံးပြုထားသည်။ ဆိုင်းထိန်းစနစ်သည် independent heavy-duty type အမျိုးအစားဖြစ်ပြီး အသုံးပြုသူလိုအပ်ချက်အပေါ်အခြေခံ၍ ယာဉ်အတွင်းနေရာလွတ်များနှင့်အတူ တပ်ဖွဲ့ဝင် ၁၀ ဦးထိ လိုက်ပါတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

First Win AFV သံချပ်ကာယာဉ်သည် ခန့်မှန်းခြေအားဖြင့် အလျား ၆ ဒသမ ၃ မီတာ၊ အနံ ၂ ဒသမ ၆ မီတာနှင့် အမြင့် ၂ ဒသမ ၆ မီတာရှိပြီး မြေပြင်မှအလွတ် ၄၈၀ မီလီမီတာရှိသည်။ ယာဉ်သည် တစ်နာရီလျှင် အမြင့်ဆုံးအမြန်နှုန်း ၁၁၀ ကီလိုမီတာဖြင့် ခရီးအကွာအဝေး ၈၀၀ ကီလိုမီတာထိ ချီတက်မောင်းနှင်နိုင်သည်။ တောင်စောင်းတက်နိုင်မှု ၆၀ ရာခိုင်နှုန်း၊ လျှောစောက်အနက် ၃၀ ရာခိုင်နှုန်း၊ ဒေါင်လိုက် အတားအဆီးများကို ၅၀၀ မီလီမီတာထိ ကျော်ဖြတ်မောင်းနှင်နိုင်ပြီး ရေအနက် ၁၂၀၀ မီလီမီတာထိ ဖြတ်ကူးမောင်းနှင်နိုင်သည်။ တာယာချို့ယွင်းပျက်စီးမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက ၅၀ ကီလိုမီတာထိ ဆက်လက်မောင်းနှင်နိုင်သည့် run-flat system စနစ်အသုံးပြုထားပြီး အလိုအလျောက်မီးငြိမ်းသတ်ရေးစနစ်လည်းပါရှိသည်။ ယာဉ်သည် အလေးချိန် ၁၈ တန်ထိ သယ်ဆောင်တိုက်ပွဲဝင်နိုင် စွမ်းရှိသည်။




လက်နက်တပ်ဆင်မှုတွင် 30 mm M230 အော်တိုမက်တစ် အမြောက်တစ်လက် တပ်ဆင်ထားသော အဝေးထိန်းလက်နက်ခန်း(ဆုံလည်)တစ်ခုပါရှိသည်။ စနစ်တွင် ဝင်ရိုးနှစ်ဖက်လုံးကို gyro-scopic ဖြင့် တည်ငြိမ်အောင်ထိန်းထားခြင်း၊ ၃၆၀ ပတ်လည်လှည့်နိုင်ခြင်းနှင့် အလိုအလျောက် ပစ်မှတ်ခြေရာခံထိန်းကျောင်းခြင်းစနစ်တို့ ပါဝင်ဖွဲ့စည်းထားသည်။ ပစ်မှတ်ထားတိုက်ခိုက်နိုင်စွမ်းအတွက် ပေါင်းစပ်ထားသည့် အပူငွေ့ရှာကင်မရာ၊ မြင်ကွင်းကျယ်နှင့် မြင်ကွင်းကျဉ်း နှစ်ခုစလုံးပါသည့် နေ့ဘက်သုံးကင်မရာများနှင့် လေဆာအကွာအဝေးရှာဖွေကိရိယာတို့ဖြင့် အဆင့်မြှင့်တင်ထားကြောင်း သိရသည်။ ရွေးချယ်တပ်ဆင်နိုင်သောစနစ်များတွင် ဗဟိုတာယာဖောင်းပွမှုစနစ် (CTIS)၊ အပူအာရုံခံစနစ်သုံးညဘက်မောင်းနှင်နိုင်မှု၊ အသံအာရုံခံကိရိယာများ၊ လေဆာသတိပေးစနစ်၊ နည်းဗျူဟာမြောက်ကြားခံဆက်သွယ်ရေးစနစ်၊ GPS လမ်းကြောင်းပြခြင်းနှင့် ဒစ်ဂျစ်တယ်စနစ်သုံးသံလိုက်အိမ်မြှောင်တို့ပါဝင်သည်။

ထိုင်းနိုင်ငံ Chaiseri ကုမ္ပဏီသည် DSA 2024 ကာကွယ်ရေးပြပွဲများမှတစ်ဆင့် နိုင်ငံတကာဈေးကွက် ချဲ့ထွင်မှုကို ဆက်လက်လုပ်ဆောင်နေပြီး IKN နှင့် PT Pindad ကုမ္ပဏီများနှင့် လက်ရှိပူးပေါင်းလုပ်ဆောင်မှုအပါအဝင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများအားကောင်းစေရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**IndoDefence 2025: IKN bets on Thailand's First Win AFV armored fighting vehicle to strengthen Indo-nesia's armored fleet.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် မြေပဲဧက ၃၆၁၄၀ စိုက်ပျိုးရန်လျာထားပြီး မေလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၁၆ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မြေပဲဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၇၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကော၊ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်စေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် မြေပဲကိုဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးခေါင်းပွပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးခေါင်းပွ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးခေါင်းပွပိဿာချိန် ၅၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်းက ငါးခေါင်းပွပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငါးခေါင်းပွ တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ မေလအတွင်း ငါးခေါင်းပွတွေတင်ပို့အားကောင်းလာပါတယ်။ ပြည်တွင်းမှာ ငါးခေါင်းပွက ဝယ်ယူမှုများနေလို့ ရောင်းအား ကောင်းနေတာပါ။ လက်ရှိငါးခေါင်းပွတွေ ရောင်းအားကောင်းလာသလို ဈေးလဲကောင်းလာပါတယ်''ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသမှရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငါးများနေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမို ကောင်းမွန်လာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဝါးခယ်မမြို့နယ် တိုက္ကလား(မြောက်)ကျေးရွာ၌ ဗို့ ၄၀၀ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ဝါးခယ်မ ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် တိုက္ကလား(မြောက်)ကျေးရွာ၌ ဗို့ ၄၀၀ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇွန် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တိုက္ကလား(မြောက်) ကျေးရွာ၌ ကျေးရွာအတွင်း အရှည် ပေ ၈၄၀ ရှိ ဗို့ ၄၀၀ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာအတွင်း ဗို့ ၄၀၀ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် သုံးစွဲခွင့်ရရှိသောငွေကျပ် သိန်း ၁၂၀ ဖြင့် ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကျောင်းကုန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ကျောင်းကုန်း ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာအုပ်စု ကညင်သုံးဆင့်ကျေးရွာနှင့် ကျားကိုက်ချောင်းကျေးရွာအုပ်စု ကျားကိုက်ကျေးရွာတို့တွင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုး အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်နှင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုကိုလျှော့ချရန်ရည်ရွယ်၍ ဆဋ္ဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီက ကညင်သုံးဆင့်ကျေးရွာ ဘုရားကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေသည် ကျေးရွာပိုင်၊ အများပိုင် ငွေကြေးတစ်ရပ်ဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်သဖြင့် ဆင်းရဲမှုကို လျှော့ချလာနိုင်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဦးစီးအရာရှိ ဒါ်အေးအေးမာက မိမိတို့ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုဆဋ္ဌမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေ ပြန်လည်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ထို့နောက် ကညင်သုံးဆင့်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၃၁ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၄ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၅ ဒသမ ၈ သန်းကိုလည်းကောင်း၊ ကျားကိုက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၂၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၁ သန်းကိုလည်းကောင်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**


## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# နမ့်စန်ပင်မဓာတ်အားခွဲရုံ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက နမ့်စန်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန နမ့်စန်ပင်မဓာတ်အားခွဲရုံ၏ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝစွာဖြင့် ဓာတ်အားစဉ်ဆက်မပြတ်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံသုံး လျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများစနစ်တကျပုံမှန်စစ်ဆေးဆောင်ရွက်သွားရန်တို့ကိုမှာကြားပြီး ဝန်ထမ်းများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ ဓာတ်အားခကောက်ခံရရှိမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ပြီးစီမံကိန်း၊ လုပ်ငန်းများနှင့်၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်မည့်စီမံကိန်း၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အား ပြတ်တောက်မှုလျော့နည်းကျဆင်းစေရေးဆောင်ရွက်ထားရှိမှုအင်းလေးဒေသအတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အဆင့်များတွင်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေးတို့ကိုရည်မှန်းချက်ထားဆောင်ရွက်ရန်၊ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး အဆင့်ဆင့်စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**













နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုလျက်ရှိသည့် Grade 12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

⚐ ရှေ့ဖုံးမှအဆက်

တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ စာမေးပွဲလာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးကြသည့် မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများဖြေဆိုနိုင်ရန် ဧပြီ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့် မြို့နယ်များရှိ ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက်လည်း မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

၁၇ - ၆ - ၂၀၂၅

မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ဝန်ကြီးဌာန လေးနှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်

**နေပြည်တော် ဇွန် ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လေးနှစ်ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားများကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဇွန် ၁၇ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ယနေ့ဆိုလျှင် ဝန်ကြီးဌာန လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ရည်မှန်းချက်များပြည့်မီစေရေး၊ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အဓိကထားတာဝန်ယူဆောင်ရွက်ရသည့်အတွက် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ရည်မှန်းချက်၊မူဝါဒ၊လုပ်ငန်းစဉ်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သမဝါယမအသင်းများဖွဲ့စည်း၍စိုက်ပျိုးမွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ လေးနှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည်ဝန်ကြီးဌာန၏မူဝါဒ၊ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့်ဘွဲ့၊ တံဆိပ်ရရှိသူများ၊ စပါးအထွက်တိုးဆု၊ ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံထူးချွန်ဆု၊ ဌာန၏လုပ်ငန်းစဉ်များအပေါ်အကောင်းဆုံးအကောင်အထည်ဖော်နိုင်မှုဆု၊ ကျေးလက်လမ်း၊ တံတားများ အရည်အသွေးပြည့်မီပြီး အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှုဆုနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောကျေးရွာဆုရရှိကြသူများကို ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် အခြားဝန်ကြီးဌာနများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ဝန်ထမ်းများအတွက် ဂျာကင်နှင့် တူညီဝတ်စုံများ၊ ဝန်ထမ်းသား၊ သမီးများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံစသည့် စာရေးကိရိယာများ၊ ကံစမ်းမဲပေါက်သော ဝန်ထမ်းများအတွက် ပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ပါမောက္ခချုပ်များနှင့်တာဝန်ရှိသူများက ဆုရရှိကြသူများ၊ တူညီဝတ်စုံများ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ၊ ကံစမ်းမဲပေါက်သူများကို ဆုများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဝင်စာမေးပွဲလာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ကျောင်းသူများ၊ လိုက်ပါပို့ဆောင်ပေးကြသည့် ကျောင်းသားမိဘများနှင့်အုပ်ထိန်းသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး တာဝန်ကျစာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ၊ဆရာမများက စာဖြေသူများလိုက်နာရန် စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းများကို ဖတ်ကြားရှင်းပြခြင်း၊ ခုံအမှတ်မှန်ကန်မှု စစ်ဆေးခြင်း၊ မေးခွန်းစာမျက်နှာစုံလင်မှု စစ်ဆေးခြင်းတို့ ဆောင်ရွက်နေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂၂)အခြေခံပညာ အထက်တန်းကျောင်းတို့၌ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကိုကြည့်ရှုအားပေး၍ ကျောင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စာစစ်ဌာနစုစုပေါင်း ၄၇ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၂၅၃၁ ဦး စာရင်းပေးသွင်းကြပြီး အင်္ဂလိပ်စာဘာသာရပ်ကို ၁၂၄၀၆ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၀ ရာခိုင်နှုန်းဖြေဆိုကြသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ၂၉ ခရိုင်၊ ၅၈ မြို့နယ်တို့တွင် စာစစ်ဌာနစုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ဦးရေ ၆၂၈၀၀ ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၃ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အခြေခံပညာဦးစီးဌာန ၂၀၂၅ ခုနှစ် ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ(စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်)စာရင်း

မြန်မာစာဘာသာရပ် ရက်စွဲ။ ၁၆-၆-၂၀၂၅

| | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၃ | ၈၅၈၄ | ၅၆ | ၅၆ | ၁၁၂ | ၉၈.၇၁% | ၁.၂၉% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၇ | ၄၉၆၈ | ၈၀၄၅ | ၆၁ | ၉၉ | ၁၆၀ | ၉၈.၀၅ | ၁.၉၅% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၄၀၀ | ၁၉၃၈၈ | ၃၃၇၈၈ | ၂၅၈ | ၁၉၅ | ၄၅၃ | ၉၈.၆၈% | ၁.၃၂% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၄ | ၇၀၀၃ | ၁၂၄၀၇ | ၆၄ | ၆၀ | ၁၂၄ | ၉၉.၀၁% | ၀.၉၉% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၆၂ | ၃၆၆၆၂ | ၆၂၈၂၄ | ၄၃၉ | ၄၁၀ | ၈၄၉ | ၉၈.၆၇% | ၁.၃၃% | |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် အိမ်တိုင်ရာရောက် သွားရောက်ချီးမြှင့်ပေးအပ်



**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တာဝန်ရှိသူများနှင့်အတူ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ ကျန်းမာရေးအရ ကိုယ်တိုင် တက်ရောက် ရယူနိုင်ခဲ့ခြင်း မရှိသော ဘွဲ့ခံပုဂ္ဂိုလ်ထံ ယနေ့နံနက်ပိုင်းတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သည့် သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ကို ကာယကံရှင်နေအိမ်သို့ သွားရောက်ချီးမြှင့်အပ်နှင်းသည်။

ဦးစွာ မရမ်းကုန်းမြို့နယ်နေ ဘွဲ့ခံပုဂ္ဂိုလ်၏နေအိမ်သို့ သွားရောက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ပေးအပ်ချီးမြှင့်ရာ ဘွဲ့ခံပုဂ္ဂိုလ်ဖြစ်သည့် ဒေါ်ခင်စောနှင်းက လက်ခံရယူသည်။

ထို့နောက် ဒေါ်ခင်စောနှင်းမိသားစုက လျှော့ချဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ၅၀-၅၅ ကီလိုတန်း အမျိုးသမီး(ဓား-၂) လက်အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဒလမြို့နယ်အသင်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး၍ ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်နာယကက ၅၀-၅၅ ကီလိုတန်း အမျိုးသမီး(ဓား-၂)လက်အတိုက်ပြိုင်ပွဲ တွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယ(ပူးတွဲ)ဆု ရရှိသူများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီဥက္ကဋ္ဌက ၅၃-၅၇ ကီလိုတန်း အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယ(ပူးတွဲ)ဆု ရရှိသူများကိုလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ထောက်နည်းပြအဆင့် အမျိုးသမီး (ဓား-၂)လက်ပြိုင်ပွဲ၊ လက်ထောက်နည်းပြအဆင့် အမျိုးသား (ဓား-၂) လက်ပြိုင်ပွဲ၊ လက်ထောက်နည်းပြအဆင့် အမျိုးသမီး တုတ်ရှည်ပြိုင်ပွဲ၊ လက်ထောက်နည်းပြအဆင့် အမျိုးသားတုတ်ရှည်ပြိုင်ပွဲနှင့် ခွဲမှူးအဆင့် အမျိုးသားလှံရှည်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ အမျိုးသမီး အကောင်းဆုံးဆု၊ အမျိုးသား အကောင်းဆုံးဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုဖလားနှင့် အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုဖလားရရှိသော အသင်းများကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက် မင်းရဲဆည်တွင် ရေဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုအားပေး

**မန္တလေး ဇွန် ၁၇**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade-12)ကို ပြန်လည်ကျင်းပစစ်ဆေးခြင်းများကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဇွန် ၁၆ ရက်မှ စတင်ကျင်းပလျက်ရှိပြီး ယနေ့ ဒုတိယနေ့၌ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ကျောက်ဆည်ခရိုင်အတွင်း သတ်မှတ်စာဖြေဌာနများ၌ ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုကြသည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် ကျောက်ဆည်မြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတို့သို့ရောက်ရှိပြီး စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက် မင်းရဲဆည်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများဖြင့် ရေဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်း (သာလွန်)စာစစ်ဌာနသို့ ရောက်ရှိပြီး စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



ပေးသည်။

ထို့နောက် ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်း(ကူမဲ)တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများဖြင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ပလိပ်) စာစစ်ဌာနရှိ စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကိုလည်းကောင်း၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံ(ပလိပ်) သီးသန့်စာဖြေခန်း၌ ငလျင်ဒဏ်ကြောင့် ခန္ဓာကိုယ်အောက်ပိုင်း ထိခိုက်နေသူ ကျောင်းသားတစ်ဦး စာမေးပွဲဖြေဆိုနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြင်းခြံခရိုင်အတွင်းရှိ သတ်မှတ်စာစစ်ဌာနများသို့သွားရောက်ပြီး စာဖြေခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၂၅ ခုတွင် စာစစ်ဌာန ၁၀၁ ခုဖွင့်လှစ်ထားပြီး ယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုသူ ၃၃၇၆၈ ဦး (ဖြေဆိုသည့်ရာခိုင်နှုန်း ၉၈ ဒသမ ၆၂ ရာခိုင်နှုန်း) ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်ရှိ ချမ်းသာကြီးမြတ်စွာဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီ၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်နှင့် မဟာစေတီတော်တို့ရှိ သာသနိကအဆောက်အအုံများ၌ အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှုများ၊ စစ်ကိုင်းမြို့အတွင်းရှိ စေတီပုထိုးများ၊ ကျောင်းတိုက်များနှင့် သီလရှင်စာသင်တိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်သည်။

ယင်းနောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့် နေအိမ်အဆောက်အအုံများကို လူအင်အားနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေး အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ မဟာသကျရံသီကျောက်တော်ကြီးမြတ်စွာဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ ပြာသာဒ်စေတီတော် တတိယပစ္စယံအထက်ကွန်းတောင်လိုဏ်ဂူအတွင်းမှ ထပ်မံတွေ့ရှိရသော ငွေဆင်းတုတော် ၂၁၉ ဆူ၊ ရွှေဆင်းတုတော် ၁၄ ဆူ၊ ဓာတ်တော်ပုလင်းနှင့် ဓာတ်တော်များ၊ စေတီတော်အတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးနှင့် စေတီတော်ကြီးအား ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်ရှိ ချမ်းသာကြီးမြတ်စွာဘုရားရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးသွားသော သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းနေမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်အားရွှေသင်္ကန်း ကပ်လှူပူဇော်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပြတိုက်အတွင်းရှိ ရှေးဟောင်းဆင်းတုတော်ရုပ်ပွားတော်များကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်နှင့် သီရိမာလာအရှေ့ရပ်ကွက်ရှိ အန္တရာယ်ရှိနေအိမ်အဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ ဖြိုချရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသပြီး မဲပေးစက်လက်တွေ့သရုပ်ပြသ

**နေပြည်တော် ဇွန် ၁၇**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် မဲပေးစက်လက်တွေ့သရုပ်ပြမဲပေးခြင်းကို ယနေ့ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက MEVM (မြန်မာအီလက်ထရောနစ်မဲပေးစက်)ကိုအသုံးပြု၍ မဲပေးရခြင်းအကြောင်းကို POWER POINT ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြပြီး မဲပေးစက်ဖြင့်မဲပေးနည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက လက်တွေ့သရုပ်ပြမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံတို့ကို လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြင့် လက်တွေ့သရုပ်ပြမဲပေးခြင်း ဆောင်ရွက်နေမှုကိုကြည့်ရှုစဉ်။



## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ ၁၇၈၂ ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ ၄၉၉၈ ခု စုစုပေါင်း ၆၇၈၀ ဆူထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ် Acc များသို့လည်းကောင်း၊ ဖုန်းနံပါတ်များသို့ဆက်သွယ်၍လည်းကောင်း၊ MMQR ကို Scan ဖတ်၍လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တည်နေရာ | စာရင်းအမည် | စာရင်းအမှတ် |
|---|---|---|---|
| ၁ | ရောဝတီဘဏ်၊နေပြည်တော် | EARTHQUAKE-DAMAGED ANCIENT MONUMENTS RESTORATION FUND | 40037797858 |
| ၂ | A Bank၊နေပြည်တော် | ။ | 0010011000015078 |
| ၃ | UAB bank၊နေပြည်တော် | ။ | 0011060100009592 |
| ၄ | ကမ္ဘောဇဘဏ်၊ရန်ကုန် | ။ | 25651325600598001 |
| ၅ | CB ဘဏ်၊မန္တလေး | ။ | 0202100900023493 |

**ဆက်သွယ်လှူဒါန်းရန်ဖုန်းနံပါတ်များ**

**နေပြည်တော်**
- နေပြည်တော်သာသနာရေးမှူးရုံး ၀၆၇၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉
- ဒေါ်နီလာအေး ဒုတိယညွှန်ကြားရေးမှူး ၀၉၄၂၀၇၃၄၇၆၀

**ရန်ကုန်တိုင်းဒေသကြီး**
- ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး ဦးဇော်ဦး ညွှန်ကြားရေးမှူး ၀၉၂၀၃၈၅၆၃
- ဒေါက်တာဝတ်ရည်ဝင်းသန့် ဒုတိယညွှန်ကြားရေးမှူး ၀၉၅၁၉၄၀၈၂

**မန္တလေးတိုင်းဒေသကြီး**
- မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဦးဖြိုးဇော်ဇော် ညွှန်ကြားရေးမှူး ၀၉၄၂၁၂၂၂၂၅၁
- ဒေါ်မျိုးမျိုးပပကျော် လက်ထောက်ညွှန်ကြားရေးမှူး ၀၉၄၂၀၇၀၀၇၉၀

**စစ်ကိုင်းတိုင်းဒေသကြီး**
- ဦးလှမင်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅
- စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး ဦးဖြိုးနောင် လက်ထောက်ညွှန်ကြားရေးမှူး ၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁

**ပဲခူးတိုင်းဒေသကြီး**
- ဦးစိုးမိုးကျော် ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး ၀၉၂၅၉၂၀၉၄၄၈
- ဦးထွန်းထွန်းလွင် ဒုတိယညွှန်ကြားရေးမှူး ၀၉၄၃၀၁၉၁၆၈

**ရှမ်းပြည်နယ်**
- ဦးသိန်းဌေး ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်သာသနာရေးမှူးရုံး ၀၉၄၂၀၇၃၀၈၃၉
- ဒေါ်ခက်ခက်လှ ဒုတိယညွှန်ကြားရေးမှူး ၀၉၄၃၀၄၁၃၀၇




# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၇**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားသမားများ၏ ပထမနေ့ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။


အဆိုပါလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၂၃ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

**❖ နေရာကွက်၍ မိုးကြီးမည့်အဆက်**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)




**☆ ကျောဖုံးမှအဆက်**

ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးအတွက်ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း ပွဲချိန် ၅၅ မိနစ်တွင် အောင်ချစ်နှင့် ပွဲချိန် ၅၈ မိနစ်တွင် ဝေလွှမ်းရှိုင်းတို့က ဧရာဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဧရာဝတီယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မြန်မာနေရှင်နယ်လိဂ်ယူ-၂၁ပြိုင်ပွဲ ပွဲစဉ် (၉) ပွဲစဉ်များအဖြစ် ဇွန် ၁၈ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်အားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ STA

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် (AI) နည်းပညာ တွဲဖက်အသုံးပြုရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွင် (AI)နည်းပညာတွဲဖက် အသုံးပြုရေး တောင်သူပညာပေးဆွေးနွေး ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် အေလာစိုက်ပျိုးစီးပွား ပညာပေးစင်တာ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ အေလာမြို့သစ်မှ ဖိတ်ကြားထားသော တောင်သူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တောင်သူများအနေဖြင့် မိမိတို့မိုဘိုင်းဖုန်းများမှတစ်ဆင့် လူမှုကွန်ရက်ပလက်ဖောင်းများအသုံးပြု၍ စိုက်ပျိုးနည်းပညာများကို အလွယ်တကူလေ့လာနိုင်ကြောင်း၊ မိမိကျေးရွာတွင် မျိုးစေ့ဖူလုံမှု၊ စားရေရိက္ခာဖူလုံရေးအတွက် လုပ်ကွက်ငယ်တောင်သူများအနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်ရန်အပြင် တောင်သူကြီးများနှင့် ကုန်သည်ကြီးများပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်လုပ်ငန်းများကို လုပ်ကိုင်စေလိုကြောင်း၊ (AI)အကူအညီဖြင့် တောင်သူကြီးများ၏ လယ်ယာလုပ်ငန်းခွင်တွင် လိုအပ်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ရန်လိုကြောင်း၊ နည်းပညာနှင့် သတင်းအချက်အလက်ကိုအခြေခံ၍ စပါးမျိုးစေ့များ ထုတ်ပါက အကျိုးရှိပြီး တောင်သူများစွမ်းဆောင်ရည်မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက တက်ရောက်လာကြသည့် တောင်သူများကို သီးပင်စားပင်ပျိုးပင်များနှင့်မျိုးစေ့များ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် (SMU) ကျေးရွာသစ်လှူပ်ရှားမှုစီမံကိန်း ကြံခင်းစုကျေးရွာတွင် တောင်သူဦးရေ ၁၀၀ ခန့်နှင့်တွေ့ဆုံ၍ (SMU) ကျေးရွာတိုင်းတွင် လူထုအခြေပြု အော်ဂဲနစ်သီးနှံများ စိုက်ပျိုးရန်၊ ကျေးရွာအတွင်း စားသုံးရန် စိုက်ပျိုးထားရှိသည့် နှစ်တို၊ နှစ်ရှည်သီးနှံများကို စာရင်းပြုစုရန်၊ (SMU)ကျေးရွာအတွင်း မိုဘိုင်းဖုန်း လက်ရှိအခြေအနေတွင်ရရှိနိုင်သော လူမှုကွန်ရက်များကို အသုံးပြု၍ စိုက်ပျိုးရေးနည်းပညာများ လေ့လာနိုင်မှု၊ (SMU)ကျေးရွာတိုင်းတွင် သီးနှံပျိုးခြံများ စိုက်ခင်းကြီးများထူထောင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများအား ရရှိနိုင်မည့်မြေတွင် မြေပြန့်ကော်ဖီများ စိုက်ပျိုးကြရန်နှင့် ဆူးပုပ်၊ ဒန့်သလွန်၊ အုန်းသျှစ်၊ ခံပင်၊ မလွှ၊ ကြောင်လျှာ၊ ကင်ပွန်းချဉ်ပင် အစရှိသော ပျိုးပင် ၃၅၀ နှင့် အပင်မျိုးစေ့များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့်ပြည်နယ်ခြောက်ခု တို့တွင် ယနေ့ထိသေဆုံးသူ ၃၇၅၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ဦးနှင့် ပျောက်ဆုံးသူ ၅၁ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၃ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

လျှော်ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၁၆ ရက် ညနေ ၅ နာရီမှ ယနေ့ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ်နိုင်ငံသားအလှူရှင်များနှင့် တရုတ်နိုင်ငံရောက် မြန်မာများကလှူဒါန်းသည့် ရေသန့်၊ ဖျာနှင့် Stock Pot များ အလေးချိန် သုည ဒသမ ၈၀၁ တန် ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို လျှော်ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ**"အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ PDF အဖွဲ့"**ခေါင်းစဉ်ဖြင့် ၁၈-၆-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **"အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဒုတိယအကြိမ် ဖြေဆိုခွင့်ကို ဖိအားများနှင့် ဖြတ်သန်းခဲ့ရသော ညောင်ဦးမြို့မှ ကျောင်းသား၊ ကျောင်းသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဥ္စေယျဓမ္မ (အဂ္ဂမဟာပဏ္ဍိတ) သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါရှိ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ



**နေပြည်တော် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် ကျုံးကြီးလမ်း ကျုံးကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဥ္စေယျဓမ္မ (အဂ္ဂမဟာပဏ္ဍိတ)သက်တော် ၈၇နှစ်၊ သိက္ခာတော် ၆၇ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက် ဇွန် ၁၆ ရက် တနင်္လာနေ့ ည ၈ နာရီ မိနစ် ၄၀ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**




## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမည်

**ရန်ကုန် ဇွန် ၁၇**

၇၈ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

## ၂၀၂၅ ခုနှစ် ဇွန် ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

(၁၇-၆-၂၀၂၅)

| | | | | |
|---|---|---|---|---|
| မြင်းခြံ | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်လေးပင် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၃၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကိုတစ်ဆင့်ခံဖြတ်သန်း၍ မြန်မာ နိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများ မှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည် နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော် သလေး(KK Park)နှင့် ကျောက်ခတ်နယ် မြေတို့တွင် အွန်လိုင်းလောင်းကစားမှု များ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသားဦးရေ ၇၀၊ အီသီယိုး ပီးယားနိုင်ငံသား ၅၆ ဦး၊ ကင်မရွန်းနိုင်ငံ သား ရှစ်ဦးနှင့် ဂါနာနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၆ ဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ် ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ လူသားချင်းစာနာထောက် ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီး မှုတို့ကိုရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်း များနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ် ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦးကို ထပ်မံ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိ သူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေး တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေး အပ်ပွဲကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင် ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကင်မရွန်း နိုင်ငံသံရုံးမှ First Secretary Ms. Dan-zouma Alima Anda နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ဂါနာသမ္မတနိုင်ငံသံရုံး နှင့် အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက် တစ် သမ္မတနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိ သူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန် ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန် ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေး ဆိုင်ရာ အထောက်အထားစာရွက်စာတမ်း များကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ - ရွှေကုက္ကိုလ် နယ်မြေသို့ တရားမဝင်လမ်းကြောင်းများ မှတစ်ဆင့် ဝင်ရောက်နေကြသည့် အိန္ဒိယ နိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံ သား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၄၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၈၉၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများ နှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေး ခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၃၅ ဦး ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေး ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်း အသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gam-bling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက် သူများအားလုံးကို စုံစမ်းဖော်ထုတ် လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါ လုပ်ငန်းများတွင် ဆက်စပ်ပါဝင် ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင် လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် အိမ်အမှတ်(ဟန-၈)အတွင်းမှ တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၈ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**❍ ဖော်ထုတ်ဖမ်းဆီးရမိမှု**

ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက် ခဲ့သည်။

ထိုသို့ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ စွမ်စော် ရပ်ကွက် အိမ်အမှတ်(မဆ-၄၀၀)ရှိ အိမ် ပိုင်ရှင်(စိစစ်ဆဲ)၏နေအိမ်ကို ဝင်ရောက် ရှာဖွေခဲ့ရာ တရားမဝင် Online ငွေကြေး လိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသားဦးရေ ၄၀ နှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့ကို လက်ကိုင်ဖုန်းမျိုးစုံ အလုံး ၁၂၀၊ ကွန်ပျူတာမျိုးစုံ ၈၆ လုံး၊ WiFi စက်သုံးလုံး၊ Crown မော်တော်ယာဉ် တစ်စီးတို့ဖြင့်လည်းကောင်း၊ ကောင်းမှုတုံ ရပ်ကွက် အိမ်အမှတ်(ဟန-၈)ရှိ အိမ်ပိုင်ရှင်(စိစစ်ဆဲ)၏ နေအိမ်အတွင်းမှ တရားမဝင် Online ငွေကြေးလိမ်လည်မှု လုပ်ငန်းများလုပ်ကိုင်နေသည့် တရုတ် နိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာ နိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၈ ဦးတို့ကို ကွန်ပျူတာမျိုးစုံ ၁၆ လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၃၃၄ လုံး၊ WiFi စက် သုံးလုံး၊ Crown မော်တော်ယာဉ်တစ်စီး၊ TOYOYA LANDCRUISER မော်တော် ယာဉ် တစ်စီးတို့ဖြင့်လည်းကောင်း စစ်ဆေးတွေ့ရှိသိမ်းဆည်း ဖမ်းဆီးရမိ ခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိ သည့် တရုတ်နိုင်ငံသား အမျိုးသား ၄၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၅၉ ဦးနှင့် အမျိုးသမီး ၃၈ ဦးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြင်ဦးလွင်မြို့၊ နောင်ချိုမြို့၊ တာချီလိတ်မြို့နှင့် လွိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) ရွှေဘိုလမ်းမပေါ်တွင် သတင်းအရစောင့်ဆိုင်းနေစဉ် ရွှေဘိုလမ်း အတိုင်း သန်းထက်ဝင်း မောင်းနှင်ပြီး နန်းမြင့်သူလိုက်ပါလာသော မော်တော် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀(တစ်ပြား လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၀၀) ဖမ်းဆီးရမိပြီး ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေး သူ ထွန်းလွင်(ခ)စွာဗစ်နှင့် မဇာနည်လွင်တို့ နေထိုင်သည့် နောင်ချိုမြို့နယ် ကြိမ်ဂနိုင် ကျေးရွာအုပ်စု ခြေမြစ်ပင်ကျေးရွာရှိ နေအိမ်ကို မွန်းလွဲ ၁၂ နာရီခွဲတွင် ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ပြား ၃၉၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်း ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇ သိန်း ၈ သိန်း)ကိုလည်းကောင်း၊ ထို့နေ့ မွန်းလွဲ ၁ နာရီတွင် တာချီလိတ်မြို့ မယ်ခေါင် ရပ်ကွက် မြို့ပတ်လမ်း မယ်ဆိုင် ချောင်းဘေးရှိ နှင်းနှင်းဝေ(ခ) သွန်းဝတီ ဖြိုး၏ နေအိမ်တဲကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၄၀၀ (တစ်ပြား လျှင် ၇၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၅၁ သိန်း ၈ သိန်းကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လွိုင်လင်မြို့နယ် ပင်လုံမြို့ ပန်မုန့်ကျေးရွာအုပ်စု ပန်မုန့်ကျေးရွာ သီလရှင်ကျောင်းလမ်းနေ အိုက်ခမ်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၀၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ကျပ် ၂၅ သိန်း) ဖမ်းဆီးရမိသဖြင့် ၎င်းတို့ ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။ (ရဲပြန်ကြား)



ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်

မေတ္တာမိုးနှင်း(ပဲခူး)

လူငယ်ဟူသည်ကား အနာဂတ်၏လူ့စွမ်းအားရင်းမြစ်ပင်ဖြစ်သည်။ "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသကဲ့သို့ လူသားတာဝန်များကို ပခုံးပြောင်း၍ ထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ ခေတ် တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းသွားသည်နှင့်အမျှ လူငယ်တို့၏စွမ်းဆောင်ရည်များသည်လည်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေရမည်ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုသော် လူငယ်ဟူသည်မှာ အနာဂတ်၏ စွမ်းဆောင်ရှင်များပင် ဖြစ်ပေသည်။ လူကြီးများက လူငယ်များကို သုတ၊ ရသမျှဝေ၍ နည်းလမ်းပြသ ဆောင်ရွက်နိုင်ပေသည်။ လူငယ်များက ရရှိထားသော အသိပညာ၊ ဗဟုသုတများကို အသုံးချ၍ မိမိနိုင်ငံကိုခေတ်နှင့်အညီ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့ဖြင့် တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် အနာဂတ်၏ စွမ်းဆောင်သူများဖြစ်သည်နှင့်အညီ လူငယ်ဟူသော လူ့စွမ်းအား အရင်းအမြစ်သည်လည်း ကျန်းမာကြံ့ခိုင်၍ ကောင်းမွန်ပြည့်စုံသည့် အရည်အသွေးပြည့်ဝရန် ရှောင်သင့်၊ ဆောင်သင့်သည်များကိုသတိပြုကြရမည်ဖြစ်ပေသည်။

ယနေ့ကမ္ဘာပေါ်တွင် လူသားအရင်းအမြစ်များကို ခြိမ်းခြောက်ဖျက်ဆီးနေသည်မှာ မူးယစ်ဆေးဝါးပင်ဖြစ်ပေသည်။ မည်သည့်ဆေးဝါးမဆို သုံးစွဲလိုက်ပါက ဦးနှောက်နှင့် အာရုံကြောကို ထုံထိုင်းစေခြင်း၊ မူးယစ်စေခြင်း၊ စွဲလမ်းမှုကိုဖြစ်ပေါ်ပြီး ဆက်လက်၍ မသုံးစွဲဘဲမနေနိုင်အောင်ဖြစ်စေသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်သည် ယနေ့ ကမ္ဘာသူ၊ ကမ္ဘာသားများ ကြုံတွေ့နိုင်သော အန္တရာယ်ဖြစ်သည်။ အဓိကအားဖြင့် ငြိမ်သက်စေသောဆေး၊ တက်ကြွစေသောဆေးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဟူ၍ မူးယစ်ဆေးဝါးအမျိုးအစားများရှိသည်။ ငြိမ်သက်စေသောဆေးများသည် ကိုယ်ခန္ဓာနှင့်ဦးနှောက်ကို နှေးကွေးစေသည်။ တက်ကြွသောဆေးများသည် အင်အားပိုမိုရှိလာပြီး လူကိုခဏတာ လန်းဆန်းစေသည်။ စိတ်ကို ပြောင်းလဲစေသောဆေးများက အသံ၊ အမြင်၊ အကြား၊ အရသာ၊ အနံ့အာရုံများကို ပြောင်းစေသည်။

မူးယစ်ဆေးဝါးများကိုသုံးစွဲရာတွင် စားသုံးခြင်း၊ ရှူသွင်းခြင်း၊ သွေးကြောထဲထိုးသွင်းခြင်း စသည်ဖြင့် အမျိုးမျိုး သုံးစွဲနေကြသည်။ မူးယစ်ဆေးဝါးများကို သုံးစွဲလိုက်ပါက ဆေးအာနိသင်များသည် အစာအိမ်နှင့် အူနံရံမှတစ်ဆင့် သွေးကြောထဲသို့ ရောက်ရှိသွားသည်။ မူးယစ်စေသည့် ဓာတ်ပါဝင်သောဆေးများသည် သွေးကြောမှတစ်ဆင့်ဦးနှောက်ရှိ ဗဟိုအာရုံကြောစနစ်သို့မပို့လွှတ်မီ အသည်းနှင့် နှလုံးကို ဖြတ်သန်းစီးဆင်းသွားသည်။ ဆေးဝါးများ၏ အမျိုးအစားပေါ်မူတည်၍ ဆယ်မိနစ်မှ နာရီဝက်အတွင်း အသည်း၊ နှလုံးနှင့်ဦးနှောက်တို့အပေါ်၌ ဆိုးကျိုးသက်ရောက်မှုရှိသည်။

မူးယစ်ဆေးသုံးစွဲသူများသည် မူးယစ်ဆေးကို သုံးစွဲရာမှ မသုံးရမနေနိုင်အောင်ဖြစ်ခြင်း၊ စီးပွားရေးလုပ်ငန်းများပျက်စီးဆုံးရှုံးခြင်း၊ ပညာရေးတစ်ပိုင်းတစ်စနှင့် ဆုံးခန်းတိုင်မရောက်ခြင်း၊ တရားမဝင်ဆေးဝါးများသုံးစွဲသဖြင့် ဥပဒေရေးရာပြဿနာများ ရင်ဆိုင်ရခြင်း၊ မိသားစုနှင့်ပတ်ဝန်းကျင်၏ ပစ်ပယ်ခံရခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းခြင်း၊ ကျန်းမာရေး ချို့ယွင်းလာခြင်း၊ စိတ်ဓာတ်ကျဆင်းလာခြင်း၊ မူးယစ်ဆေးသွေးကြောထဲထိုးသွင်းမှုကြောင့် ခုခံအားကျဆင်းမှု HIV/AIDS ရောဂါပိုးကူးစက်နိုင်ခြင်း၊ မှန်ကန်စွာ စဉ်းစားတွေးခေါ်မှုမပြုနိုင်တော့ခြင်း စသည့်ဆိုးကျိုးများ မလွဲမသွေရင်ဆိုင်တွေ့ကြုံရပေမည်။ ထို့ကြောင့် မူးယစ်ဆေးသုံးလျှင် လူညွန့်တုံး၍ ဘဝလည်းဆုံးရှုံးနိုင်သည်။

လူငယ်များသည် စူးစမ်းလေ့လာလိုသော စိတ်ဆန္ဒပြင်းပြသူများဖြစ်ကြသည်။ အစမ်းသဘောမှသည် အချို့သောအရာများကို စွဲလမ်းခြင်းအဖြစ်သို့ ရောက်ရှိသွားတတ်ကြပေသည်။ လူငယ်အများစုအနေဖြင့် ဂိမ်းကစားခြင်း၊ နည်းပညာတစ်ခုအပေါ်၌ ခုံမင်နှစ်သက်၍ လွဲမှားသော ပေါင်းသင်းဆက်ဆံရေးကိုခုံမင်ခြင်း၊ သူတစ်ပါး၏ သွေးဆောင်ဖြားယောင်းမှုအပေါ်၌ သာယာခြင်း၊ ဇိမ်ခံပစ္စည်းများဖြင့်အသုံးပြုနေထိုင်ရသည်ကို နှစ်သက်ခြင်းစသောအချက်များကြောင့် မသမာသူတို့၏လက်ချက်ဖြင့် မူးယစ်သားကောင်အဖြစ်သို့ ရောက်ရှိသွားတတ်ကြသည်။ လူငယ်ဟူသည်ကား ကျန်းမာသန်စွမ်းမှုရှိရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးကိုသုံးစွဲပါက ကျန်းမာသန်စွမ်းမှုသည် လျော့ပါးလာမည်ဖြစ်သည်။ မကျန်းမာခြင်းသည် မိမိ၏မိသားစုဝင်ငွေသာမက တိုင်းပြည်၏ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်လည်း ဆုံးရှုံးရမည်ဖြစ်ပေသည်။

ယနေ့ခေတ်သည် ဖွံ့ဖြိုးလာသည်နှင့်အတူ နည်းပညာများတိုးတက်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့ခြင်း၊ တချို့သော ပယောဂများကိုအကြောင်းပြု၍ သွေးဆောင်ဖြားယောင်းခြင်း၊ လိမ်လည်ခြင်းများပြုလုပ်လျက် မူးယစ်ဆေးဝါးများကို နည်းလမ်းအမျိုးမျိုးဖြင့် ဖြန့်ဖြူးလျက်ရှိကြသည်။ လူငယ်များအတွက် မူးယစ်ဆေးဝါးအန္တရာယ်မှာ အလွန်ပင်ပြင်းထန်လာပြီဖြစ်သည်။ နည်းပညာထွန်းကားလာသည် နှင့်အမျှ အွန်လိုင်းဟူသည့်ကမ္ဘာ့ရွာကြီးတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဆိုးကျိုးများစွာကို နေ့စဉ် သိမြင်ဖတ်ရှုနေကြရသည်။ ကာမလိမ်လည်မှု၊ အကြမ်းဖက်မှု၊ လူသတ်မှု၊ မုဒိမ်းမှုစသည်ဖြင့် ရာဇဝတ်မှုများကို ကျူးလွန်သူအများစုမှာ မူးယစ်ဆေးဝါးသုံးစွဲသူ အများစုပါဝင်နေသည်ကိုတွေ့ရှိရပေသည်။ အနာဂတ်လူငယ်များအနေဖြင့် ဤဖြစ်ရပ်များကို သင်ခန်းစာယူ၍ မူးယစ်ဆေးဝါးကို ရှောင်ကြဉ်ကြရပေမည်။

နိုင်ငံတော်အစိုးရ၏ရည်မှန်းချက်မှာ မူးယစ်ကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဖြစ်စေရန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အမိနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်ငြိမ်းချမ်းသာယာရေးတို့ကို အထူးစီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်လျက်ရှိပေသည်။ နိုင်ငံတော် အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည်တို့ကို ဘက်ပေါင်းစုံမှ ပြည်သူတို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပန်းတိုင်သစ်စီမံကိန်းကြီးများချမှတ်၍ အစွမ်းကုန်ဆောင်ရွက်နေသည်။ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသော်လည်း အခြေအနေအရပ်ရပ်ကိုအခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးနှင့်အတူ အကြမ်းဖက်လုပ်ရပ်များမှာ များပြားလာခဲ့သည်။

မူးယစ်ဆေးဝါးနှင့်အတူ အကြမ်းဖက်လုပ်ရပ်များပြားလာသောကြောင့်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းမွန်သည်ဆိုသည့်အတိုင်း အသိပညာပေးဟောပြောမှုများပြုလုပ်၍ အသိပညာမြှင့်တင်ပေးရန်လိုအပ်သည်။ အသိပညာ မြှင့်တင်ပေးရာတွင် လူကြီး၊ လူငယ်ဟူ၍ ခွဲခြားမှုမပြုဘဲ လူကြီးများက သိသင့်သည်များကိုဟောပြော၍ လူငယ်များ၏ စိတ်ခံစားချက်များ၊ အယူအဆများကို ပြန်လည်နားထောင်လျက် ဆွေးနွေးမှုပြုလုပ်ကြရပေမည်။ ထို့ပြင် လူငယ်အချင်းချင်း အပြန်အလှန် ဆွေးနွေးစေခြင်းသည်လည်း ထိရောက်သော ပညာပေးခြင်းတစ်ခုပင် ဖြစ်ပေသည်။

ယနေ့မျက်မှောက်ကာလတွင် လူငယ်များကို ပြုစုပျိုးထောင်၍ အနာဂတ်သားကောင်း၊ သမီးကောင်းရတနာများဖြစ်စေရန်စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိပေသည်။ အခြေခံပညာကျောင်းများမှသည် အဆင့်မြင့်ပညာကျောင်းများထိ မူးယစ်ဆေးနှင့်ပတ်သက်သည့် ဟောပြောပွဲများတွင် ဆရာ၊ ဆရာမများ၊ စာရေးဆရာများ၊ မူးယစ်တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးခြင်း၊ ဟောပြောဆွေးနွေးခြင်းများပြုလုပ်ပေးလျက်ရှိသည်။ ထိုသို့ ဟောပြောဆွေးနွေးရာတွင် အသက်အရွယ်အလိုက်ဆွေးနွေးခြင်း လက်ကမ်းစာစောင်များဝေငှပေး၍ အမေးအဖြေသဘောမျိုးဖြင့် ဆွေးနွေးခြင်း၊ ဆုပေးစနစ်ဖြင့် လူငယ်များ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်ခြင်းတို့ဖြင့် အသိပညာမြှင့်တင်ပေးလျှက်မှတ်သားလိုက်နာကြရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် မူးယစ်ဆေးဝါးဆိုင်ရာဗဟုသုတများကို လူငယ်များကိုယ်တိုင် လေ့လာမှတ်သားရန်အတွက် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ဝတ္ထုတိုစသည့်ပြိုင်ပွဲများကိုလည်းကျင်းပ၍အသိပညာမြှင့်တင်ခြင်းကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်မှာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေကြချိန်ဖြစ်သည်။ ထိုသို့ ခေတ်မီနိုင်ငံတော်ဆီ ဦးတည်ကြရာ၌ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များစွာ လိုအပ်ပေသည်။ မည်မျှပင် နည်းပညာတိုးတက်စေကာမူ ထိုနည်းပညာတို့ကို တီထွင်ဖန်တီးခြင်း၊ ပြုပြင်ခြင်း၊ နည်းပညာနှင့်အတူ စွမ်းဆောင်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ပေသည်။ ထိုသို့ လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်အတွက်ကျန်းမာသန်စွမ်းသောလူငယ်များ မရှိမဖြစ်လိုအပ်သည်။ သို့မှသာ ခေတ်မီနိုင်ငံတော်သစ် တည်ဆောက်နိုင်ပေလိမ့်မည်။ ထို့ကြောင့် လူသားအရင်းအမြစ် အားလုံးကို အန္တရာယ်ဖြစ်နိုင်သော မူးယစ်ဆေးဝါးများကို လူငယ်များ ရှောင်ကြဉ်ရန်လိုအပ်သကဲ့သို့ လူကြီးများကလည်း ဝိုင်းဝန်းကာကွယ်ကြရပေမည်။

ယနေ့ခေတ်သည် ခေတ်မီတိုးတက်နေသောခေတ်ဖြစ်သည့်အလျောက် အကောင်းအဆိုး သတင်းစကားဟူသမျှသည် ကလေးသူငယ်များမှစ၍ လူထုတစ်ရပ်လုံးအတွင်းသို့ အလျင်အမြန် အရောက်လွယ်သည်။ သို့ဖြစ်၍ အသိပညာပေးမြှင့်တင်ဆောင်ရွက်ရာ၌ မူကြိုအဆင့်မှစ၍ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးစာကဗျာများကို ရွတ်ဆိုတတ်စေရန် သင်ကြားပေးခြင်းဖြင့် မူးယစ်အန္တရာယ်အကြောင်း သိရှိပြီးမူးယစ်ဆေးဝါးအန္တရာယ်ကို ရှောင်ရှားနိုင်ပေမည်။ သို့မှသာ အနာဂတ်ပန်းဟူသမျှပွင့်လန်းပြီး ခေတ်မီအေးချမ်းသာယာသော နိုင်ငံတော်သစ်ကြီးကို အမြန်ဆုံး ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်၍ မူးယစ်ဆေးဝါးကင်းစင်ပပျောက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**– မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းနှင့်ကျွန်တော် – မောင်ငွေအိုး**

**❖ မူးယစ်ဆေးဝါးများကိုသုံးစွဲရာတွင် စားသုံးခြင်း၊ ရှူသွင်းခြင်း၊ သွေးကြောထဲထိုးသွင်းခြင်းစသည်ဖြင့် အမျိုးမျိုးသုံးစွဲနေကြသည်။ မူးယစ်ဆေးဝါးများကို သုံးစွဲလိုက်ပါက ဆေးအာနိသင်များသည် အစာအိမ်နှင့်အူနံရံမှတစ်ဆင့် သွေးကြောထဲသို့ရောက်ရှိသွားသည်။ မူးယစ်စေသည့် ဓာတ်ပါဝင်သောဆေးများသည် သွေးကြောမှတစ်ဆင့် ဦးနှောက်ရှိ ဗဟိုအာရုံကြောစနစ်သို့မပို့လွှတ်မီ အသည်းနှင့်နှလုံးကို ဖြတ်သန်း စီးဆင်းသွားသည်။ ဆေးဝါးများ၏ အမျိုးအစားပေါ်မူတည်၍ ဆယ်မိနစ်မှနာရီဝက်အတွင်း အသည်း၊ နှလုံးနှင့်ဦးနှောက်တို့အပေါ်၌ ဆိုးကျိုးသက်ရောက်မှုရှိသည်။ ❖**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။




(၁)

"အသေဝနာစဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ။
ပူဇာစ ပူဇနေယျာနံ၊ ဇတံ မင်္ဂလ မုတ္တမံ"

"ဟာ ဒီကောင်ကတော့ကွာ မိုးလင်းတာနဲ့ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား အော်ဆိုနေပြန်ပြီ။ ဟော့ကောင်တုံးတို တိုးတိုးသာသာ ရှိနိုးလို့မရဘူးလား။ အကြီးတစ်ယောက်လုံးအိပ်နေတာ အလိုက်ကမ်းဆိုးကို မသိဘူး"

မနက်စောစော အိမ်ကဘုရားကို မင်္ဂလသုတ်ရွတ်ဖတ်ပူဇော်နေတဲ့ တုံးတိုက အိပ်နေတဲ့အစ်ကိုအကြီးဆုံးမောင်ဦး ထအော်လိုက်တာကြောင့် ဇက်ကလေးပုသွားတယ်။ တုံးတိုက ကိုရင်လူထွက်ဆိုတော့ ဘုရားတရားလဲ ကိုင်းရှိုင်းမှာပေါ့။ ငယ်ငယ်လေးထဲက ကိုရင်ဝတ်လာခဲ့ပြီး အခုမှ လူထွက်တာမကြာသေးတော့ အလုပ်ကြမ်းကလဲ မလုပ်နိုင်။ အိမ်မှာနေ အမေကို အိမ်အလုပ်ကူ ဒါပဲလုပ်တတ်တာ။ သူတတ်တဲ့ဘက်က ဝိုင်းကူပေးတော့လဲ မိခင်ဒေါ်ပေါက်လှ အားကိုးရပါရဲ့။ အခုလဲ သူ မင်္ဂလသုတ်ရွတ်နေတာ အသံကျယ်လို့ဆိုပြီး မောင်ဦးက ထအော်တော့ သူခပ်တိုးတိုးပဲ ဆက်ရွတ်နေလိုက်တယ်။

မောင်ဦးက အရက်သမား။ မိုးလင်းတာနဲ့ အရက်ဖိုးရဖို့အတွက် အိမ်ကအမေနဲ့ ညီတွေ၊ ညီမတွေဆီက ပိုက်ဆံဘယ်လိုယူရမယ်၊ ဘယ်လိုရအောင် တောင်းရမယ်ဆိုပြီး သူက ကြံစည်နေတာ။

အမေလုပ်တဲ့ ဒေါ်ပေါက်လှကြီးမှာတော့ လင်ဆိုးမယားတဖားဖားဝဋ်ကကျွတ်ပြီး မုဆိုးမ ဖြစ်လာတာကြာခဲ့ပေမဲ့ အခုလဲ သားဆိုးအမေ တပေပေဖြစ်နေရပြန်ပြီ။

သမီးမိန်းကလေး နှစ်ယောက်ဆိုတာကလဲ အားကိုးလို့ ရတယ်မရှိဘူး။ သမီးအကြီးမ ညိုစိမ့်က နှုတ်ကလဲ ကြမ်းတယ်။ အငယ်မ မိုးဆန်းကျပြန်တော့လဲ အရွယ်ရောက်နေပေမဲ့ အလုပ်မလုပ်ချင်။ အမေကိုလဲ ဝိုင်းမကူချင်။ အိမ်မှာ ကြွေ့ကြွေ့မော့မော့နေမယ်၊ အလှပြင်မယ်။ ဒါပဲ သူစိတ်ဝင်စားတယ်။ ဇာတ်လဲရူးသေးရဲ့။ ဇာတ်မင်းသမီးဖြစ်ချင်တာက သူ့ရဲ့ဝါသနာကိုး။

သားသုံးယောက်၊ သမီးနှစ်ယောက် မွေးထားပေမဲ့လဲ သားသမီးတွေမလိမ္မာကြတော့ ဒေါ်ပေါက်လှ ခမျာ နေပူပူ၊ မိုးရွာရွာ အလုပ်လုပ်နေရရှာတာ။ နို့ညှာကောင်ဖြစ်တဲ့ ချက်ဖောင်းကတော့ အတိတ်ကံမကောင်းခဲ့လို့ ၁၉ နှစ်သားအရွယ်မှာ ရူးသွားခဲ့ရရှာလေတယ်။

"အစ်ကိုကြီး မိုးလင်းနေပြီထတော့လေ။ အရက်ဆိုင်သွားရအုံးမယ်မဟုတ်လား"

"ဟာ ဒီကောင်ချက်ဖောင်းကတော့ကွာ။ ငါ့ဘာသာ သွားချင်တဲ့အချိန်သွားမှာပေါ့။ အရူးက အရူးနေရာနေစမ်းပါ"

အရက်ဆိုင်သွားဖို့လာနှိုးတဲ့ ချက်ဖောင်းကို မောင်ဦး အော်လွှတ်လိုက်တာ။ ဒါကို မီးဖိုချောင်မှာ ချက်ပြုတ်နေတဲ့ ဒေါ်ပေါက်လှကြားတော့-

"မောင်ဦး ကိုယ့်ညီကို အဲဒီလိုပြောရသလား"လို့ လှမ်းအော်လိုက်လေတယ်။

ဒေါ်ပေါက်လှက သားသမီးတွေအားလုံးထဲမှာတော့ ချက်ဖောင်းကို အချစ်ပိုရလေရဲ့။ ချက်ဖောင်းက ရူးတယ်ဆိုပေမဲ့လဲ သွက်သွက်ခါအောင် ရူးနေတာမျိုးတော့မဟုတ်။ ထမင်းမှန်း ဟင်းမှန်း အမေမှန်း မိသားစုမှန်းတော့ သူသိတယ်။ အလုပ်လုပ်ရင်ပိုက်ဆံရတယ်ဆိုတာလဲ သူသိတယ်။

"အမေ အစ်ကိုကြီးက မထသေးဘူး။ ကျွန်တော်ပဲ အရက်သွားဝယ်ပေးလိုက်တော့မယ်"

"အမယ်လေး ချက်ဖောင်းရယ်၊ အရက်သမား အရက်တော်မှာစိုးလို့ သွားဝယ်ပေးမယ်တဲ့လား။ ငါတော့လေ ဟင်း"

ဒေါ်ပေါက်လှ စိတ်ပျက်ပျက်နဲ့ သက်ပြင်းချလိုက်တော့တယ်။ ချက်ဖောင်းကတော့ သူ့လက်ထဲမှာ ပိုက်ဆံပြတ်တယ်လို့ မရှိဘူး။ ချက်ဖောင်းက ရွာစဉ်လှည့်ပြီး ရေအငှားထမ်းတယ်။ နောက်ပြီး အိမ်တကာသွားပြီး တောက်တိုမယ်ရကလေးတွေ လုပ်ပေးတယ်။ ဒီတော့ အရပ်က သူ့ကို ဆန်တစ်ခွက်၊ ငွေတစ်ရွက်ကတော့ သဒ္ဓါကြတယ်။

နောက်ပြီး ရွာစဉ်လှည့်ရင်းနဲ့လဲ ပလုံကောက်တဲ့ အလုပ်ပါ ထပ်လုပ်သေးတယ်။ ရလာတဲ့ပိုက်ဆံကို လဲအမေကို ပေးတယ်။ တချို့ကို သူ့အတွက်ချန်တယ်။ တစ်ခါတလေများဆိုရင် ဒေါ်ပေါက်လှက သားသမီးတွေထဲမှာ လိမ္မာရေးခြားရှိတဲ့ ကိုရင်လူထွက် တုံးတိုနဲ့ ချက်ဖောင်း နှစ်ယောက်ပဲ အားကိုးလို့ရလေခြင်းဆိုပြီး တွေးမိသေးတာ။

(၂)

" ဟျို့ အရီးပေါက်လှ အရီးပေါက်လှ၊ ဦးတင်ထွန်းက အခုချက်ချင်း အိမ်ကိုလာခဲ့ပါတဲ့"

အိမ်ရှေ့ခြံဝကနေ လှမ်းကြုံဖြတ်အော်သွားတဲ့ လှည်းသမားကို "ဘာကိစ္စတဲ့တုံး"လို့ ဒေါ်ပေါက်လှ ပြန်မေးနေစရာမလို။ မောင်ဦးလား၊ ညိုစိမ့်လားလို့ပဲ တွေးရင်း ရွာသူကြီးရဲ့အိမ်ဆီ ထွက်လာခဲ့တော့တယ်။ ဟိုရောက်တော့ မောင်ဦးရော ညိုစိမ့်ပါတွေလိုက်ရတော့ ဒေါ်ပေါက်လှ မျက်လုံးပြူးသွားတယ်။

"လာ ပေါက်လှ။ ကဲ ထိုင်ပါအုံး"

သူကြီးဦးတင်ထွန်းရဲ့ ခပ်တင်းတင်းမျက်နှာပေးကိုမြင်တော့ ဒေါ်ပေါက်လှ ခေါင်းလေးငုံ့ပြီး သူကြီးကို မရဲတရဲကြည့်နေရှာရလေရဲ့။

"ဟို မောင်ဦးနဲ့ ညိုစိမ့်က ဘယ်သူနဲ့ ပြဿနာဖြစ်လို့လဲ သူကြီး"

"ဘယ်သူနဲ့မှမဖြစ်ဘူး။ သူတို့မောင်နှမချင်းဖြစ်ကြတာ။ မောင်ဦးက အရက်ဖိုးပိုက်ဆံတောင်းတာ မရလို့ ညိုစိမ့်ကို ရန်ရှာတယ်တဲ့ဟေ့။ အဲဒီလိုနဲ့ပဲ သူတို့မောင်နှမနှစ်ယောက် လမ်းပေါ်မှာ နပန်းသတ်နေတာတဲ့"

သူကြီးက စိတ်ပျက်ပျက်နဲ့ပြောတော့ ဒေါ်ပေါက်လှက မောင်ဦးနဲ့ ညိုစိမ့်ကိုကြည့်ပြီး ငိုမဲ့မဲ့မျက်နှာနဲ့ပြောတော့တယ်။

"ငါလဲ သနားကြပါအုံးဟယ်။ ရွာကလူတွေနဲ့ ရန်ဖြစ်ရတာအားမရလို့ မောင်နှမချင်း လမ်းမှာရန်ဖြစ်ပြီး သူကြီးအိမ်ရောက်တယ်တဲ့။ လူကြားလဲ မကောင်းပါဘူးအေ။ နင်တို့ လင်တွေ မယားတွေယူရင်လဲ ယူကြပါတော့ဟယ်"

"ဟ ပေါက်လှ နင့်သားနဲ့သမီးကို ကြိုက်မဲ့လူရော ရှိလို့လား။ ရှိရင်ပြော ငါကိုယ်တိုင်အကုန်အကျခံပြီး မင်္ဂလာတောင်ဆောင်ပေးလိုက်အုံးမယ်"

သူကြီးက ဒီလိုပြောတော့ စွာတေးလန်မ ညိုစိမ့်ကလဲ မခံနိုင်လို့ပြန်ချေပလိုက်တယ်။

"သူကြီး သူများသားသမီးကို မှိုချိုးမျှစ်ချိုးမပြောပါနဲ့တော်။ နည်းနည်းပါးပါး သားသမီးချင်း ကိုယ်ချင်းလေး စာစမ်းပါ"

"ဟဲ့ ညိုစိမ့် နင့်ပါးစပ်ပိတ်ထား"

ဒေါ်ပေါက်လှ ဝင်တားလိုက်မှ ညိုစိမ့် အသံတိတ်သွားလေတယ်။

"မောင်ဦး နင်လဲ အိမ်ရောက်မှ ငါနဲ့တွေ့မယ်"

"ပြန်မလာဘူးအမေရေ။ စောင့်မနေနဲ့"

ခနဲ့တဲ့တဲ့ပြောတဲ့ မောင်ဦးကို ခေါင်းလှမ်းခေါက်ဖို့ ဒေါ်ပေါက်လှက လက်ခေါက်ရွယ်လိုက်တော့ သူကြီးက ဝင်ပြောတယ်။

"ကဲ ကဲ နင်တို့သားအမိသုံးယောက်စလုံး ဒီမှာ ခံဝန်ကတိ လက်မှတ်ထိုး။ ထိုးပြီးသွားကြတော့"

သူကြီးက ခပ်မြန်မြန်မောင်းထုတ်လွှတ်လို့ သားအမိသုံးယောက်စလုံး လက်မှတ်ထိုးပြီး ခပ်သုတ်သုတ် ထွက်လာခဲ့တော့တယ်။

"နင်တို့နှစ်ယောက် နာဖို့သာပြင်ထား"

(၃)

ရွာဘုရားပွဲမှာ ဇာတ်ပွဲတစ်ခုလာကလို့ ပွဲကြည့်ပရိသတ်တွေကလဲ ကြိတ်ကြိတ်တိုး စည်ကားလို့ နေတယ်။

ဒီညက နောက်ဆုံးညမို့ပွဲခင်းက အရင်ညကထက် ပိုစည်နေတာ။ ဇာတ်ပွဲကြိုက်တဲ့ မိုးဆန်းကတော့ ပွဲစတဲ့ညကတည်းက ဒီညထိ အိမ်ကိုပြန်မလာ။ ဇာတ်မင်းသမီးတည်းခိုတဲ့ ရွာမျက်နှာဖုံးလင်မယားရဲ့ အိမ်မှာပဲ မင်းသမီးရဲ့ တောက်တိုမယ်ရအဖြစ်နဲ့ ကပ်နေတာပေါ့။

ဒါကို ဒေါ်ပေါက်လှကြားတော့ မအေကို အိမ်အလုပ်ဝိုင်းကူမလုပ်ချင်ဘဲ မင်းသမီးရဲ့ တောက်တိုမယ်ရအလုပ်ကို ခယယသွားလုပ်ပေးတယ်ဆိုပြီး ရင်ထုမနာဖြစ်ရပြန်တယ်။ သူ့ဝါသနာပါရာ သူချည်းကပ်တာပဲဆိုပြီး နားလည်ပေးလိုက်ရတယ်။

ပွဲရှိတော့ ငမူးမောင်ဦးလဲ အရက်ကလေးသောက်လိုက်၊ ကြွေလေးကစားလိုက်နဲ့ အလုပ်ကိုဖြစ်လို့။ ဒီလိုနဲ့ ပွဲကပြီးသွားတယ်။ တစ်ညလုံး မိုးဆန်းနဲ့ မောင်ဦး အိမ်ပြန်မလာခဲ့ကြဘူး။

ကိုယ်ရင်လူထွက်နဲ့ ချက်ဖောင်းကတော့ အိမ်ကပ်ကြပါရဲ့။ ညိုစိမ့်ကတော့ ပွဲနောက်ဆုံးနေ့မနက်ထဲက အိမ်မှာမရှိတာ ခုထက်ထိပါပေါ့လား။

(၄)

"အဆိုးမလေး အမေ့ရဲ့အဆိုးမလေးညိုစိမ့်။ ညည်း အခုတော့ အမေ့ရင်ခွင်ထဲက တကယ်ထွက်သွားပြီပေါ့ အဟင့် အဟင့်"

အိမ်တံခါးဝမှာ စာရွက်ကလေးတစ်ရွက်ကိုင်ပြီး ငိုနေတဲ့ ဒေါ်ပေါက်လှ။ ပါးပေါ်က ပါးကွက်ကြီးနှစ်ခုကလဲ မျက်ရည်စီးကြောင်းရာကိုထင်လို့။

"သားရေ မောင်ဦး။ နင့်ညီမညိုစိမ့် လင်နောက်လိုက်သွားပြီတဲ့ ဟင့် ဟင့်"

ပြောရင်းငိုရင်းနဲ့ ဒေါ်ပေါက်လှ စာရွက်ကလေးကို မောင်ဦးဆီသွားပေးလိုက်တယ်။

ရည်းစားမရှိသလို ကြိုက်မဲ့လူလဲမရှိတဲ့ သူ့ညီမက လင်နောက်လိုက်သွားတယ်ဆိုတော့ မောင်ဦး အံ့ဩသွားပြီး စာကို ဖတ်ကြည့်လိုက်တယ်။

"အမေ ကျုပ် အမေနဲ့မနေချင်တော့လို့ လင်ယူသွားပြီ။ အိမ်မှာနေရတာ စိတ်ညစ်တယ်အမေ။ ကျုပ်ကို လိုက်မရှာပါနဲ့။ ရွာစွန်က ငါးအဝယ်ဒိုင်သားနဲ့ လိုက်သွားတာ။ သူ့ကို ဒီညသွားခိုးမလို့။ ကျုပ်က သူ့ကိုကြိုက်နေတာကြာပြီ။ သူလဲ ကျုပ်ကိုကြိုက်နေပုံရတယ်။ အဲဒါကြောင့်မလို့ သူလာခိုးတာမစောင့်တော့ဘဲ သူ့ကိုကျုပ်သွားခိုးတော့မယ်"

စာကိုဖတ်ပြီးတော့ မောင်ဦး တောက်တစ်ခေါက်ခေါက်နဲ့ ဒေါသထွက်ရတော့တယ်။

"တောက် မိန်းကလေးက ယောကျ်ားလေးကို ခိုးရတယ်လို့ကွာ ရှက်ဖို့ကောင်းလိုက်တာ။ လိုက်ရှာလဲ အမောပဲ မရှာနဲ့တော့အမေ။ အဲ့ကောင်မကို လွှတ်သာထားလိုက်"

"မိန်းကလေးက ယောကျ်ားလေးကို ခိုးတယ်တဲ့လား။ အမယ်လေး ကိုသာထူးရယ် တော့်သမီးကို လာကြည့်ပါအုံး အဟင့် အဟင့်"

ဒေါ်ပေါက်လှ ရှက်လည်းရှက် ဝမ်းလဲနည်းဖြစ်နေရရှာတော့တယ်။

(၅)

"ပေါက်လှရေ ဟေ့ပေါက်လှ။ ညည်းသမီးမိုးဆန်း နေ့လယ်က ဇာတ်အဖွဲ့ပြန်တော့ လိုက်သွားသတဲ့တော့။ အိမ်ကိုပြောပေးပါဆိုပြီး ကျုပ်ကိုမှာလိုက်တယ်လေ ရဲ့ အဲဒါလာပြောတာ"

ကြားလိုက်ရတဲ့စကားကြောင့် ဒေါ်ပေါက်လှ ရုတ်တရက်ဆွံ့အသွားတယ်။ ခဏကြာတော့ သူကြီးဆီက အမှာစကားရောက်လာတယ်။

အိမ်ကိုချက်ချင်းလာခဲ့ပါတဲ့လေ။ ဒေါ်ပေါက်လှ သိနေပြီပေါ့။ ဒီတစ်ခါတော့ မောင်ဦးပဲ ဆိုတာတော့ သေချာပြီ။

ဒေါ်ပေါက်လှရဲ့ မျက်လုံးထဲမှာတော့ ကိုရင်လူထွက် တုံးတိုနဲ့ အရူးချက်ဖောင်းရဲ့ အလိမ္မာမျက်နှာလေးနှစ်ခုကိုပဲ မြင်ယောင်နေမိပါတော့တယ်။

# ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၂၆၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၂၆၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၂၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လစတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ဝါဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီလထဲမှာ စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်လျက်ရှိပါတယ်။ ဝါတွေစိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူတွေလွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# ထားဝယ်မြို့နယ် ဇဟာကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ထားဝယ် ဇွန် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းဖြင့် ဇဟာကျေးရွာ၌မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ဇွန် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သာသာရည်နှင့် တာဝန်ရှိသူများသည် ဇဟာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေများအသုံးပြု၍ ဂန္ဓမာအဖွဲ့၊ ပန်းဥယျာဉ်အဖွဲ့၊ ခတ္တာအဖွဲ့နှင့် စံပယ်အဖွဲ့တို့မှ အစုအဖွဲ့စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။



ထားဝယ်မြို့နယ် ဇဟာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး အစုအဖွဲ့တစ်ဖွဲ့လျှင် စီမံကိန်းပံ့ပိုးငွေကျပ် ၇၅ သိန်းစီ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ထားဝယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# ဒေးဒရဲမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ရွာတန်းရှည်ကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ခံစားပိုင်ခွင့်များကိုလည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၄၃ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာတန်းရှည်ကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၈၅ ဦးကို ရန်ပုံငွေကျပ် ၄၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးသူ**

## ဝသန်ရာသီ ကဗျာတေးစီ

– ကောင်းကင်တစ်ခို တိမ်မဲညို
တိမ်အိုတိမ်လိုင်း အုံ့ကာမှိုင်း
မှိုင်းတယ်လေ့ မှိုင်းတယ်လေ့။

– လျှပ်ပန်းလျှပ်နွယ် တိမ်တောင်စွယ်
စိန်ခြယ်ဝိုင်းဖွဲ့ ဝင်းလဲ့လဲ့
လဲ့တယ်လေ့ လဲ့တယ်လေ့။

– နတ်စည်တေးသံ ဂျိုးဂျိမ်းညံ
နဘံထက်ဖျား ခြိမ်းသံကြား
ကြားတယ်လေ့ ကြားတယ်လေ့။

– မာန်ပြိုးထောင်ထောင် မုတ်သုံမောင်
နောက်တောင်ကျော်ဖြတ် လေးကျွန်းပတ်
ပတ်တယ်လေ့ ပတ်တယ်လေ့။

– ရှစ်တိုင်းရပ်ခွင် မှောင်ရိပ်ဆင်
ဟန်ပြင်ဘုံဖျား မိုးနတ်သား
ခစားရောက်လာ မြန်မကြာ
မိုးရွာသွန်းဖြိုး ချောင်းရေတိုး
တိုးတယ်လေ့ တိုးတယ်လေ့။

– နွားတစ်ရှဉ်းယူ ဖိုးတောင်သူ
ထွန်ကူထယ်ချ လုပ်အားပြ
မိုးလရာသီ အချိန်မီ
ကိုယ်စီလယ်ထဲ ပျိုးကိုကြဲ
ကြဲတယ်လေ့ ကြဲတယ်လေ့။

– ဝါမဝင်ခင် တို့လယ်ခွင်
ကောက်ပင်ကိုစိုက် ပျိုတစ်သိုက်
မျှော့ကိုက်တွယ်ကာ သူတို့မှာ
အော်ရှာလယ်ထဲ ဟိန်းသံကဲ
ကဲတယ်လေ့ ကဲတယ်လေ့။

– ညနေစောင်းချိန် နေဝန်းမှိန်
တို့အိမ်ပြန်လမ်း ကောက်ပင်တန်း
စိမ်းလန်းသွယ်ဖြာ တို့လယ်ယာ
ဘယ်ညာရှုခင်း သည်မြင်ကွင်း
ကြည့်ရင်းလိုလို အလှပို
ရွာကိုဝင်နှောင့် ချစ်သူစောင့်
စောင့်တယ်လေ့ စောင့်တယ်လေ့။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

# မှတ်ပုံတင်အရောင်းစာချုပ် ပျောက်ဆုံးပျက်စီးလျှင် နှုတ်သက်သေတင်ပြနိုင်

**စိန်လှိုင်ဗိုလ်**

မြေအရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုပြီး တရားဝင်မှတ်ပုံတင်ခဲ့သည်။ စာချုပ်ပျောက်ဆုံးသွားသည်။ ထိုစာချုပ် မှတ်ပုံတင်ခဲ့သော မြို့နယ်ကို ထိုစဉ်က သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးလိုက်၍ စာချုပ်စာတမ်းများ ပျက်စီးပျောက်ဆုံးသွားသည်။ မိတ္တူကူး၍ မရနိုင်တော့။ နောင်တွင် ထိုမြေကို အကြောင်းပြု၍ ပိုင်ရှင်က ခွင့်ပြုချက်ဖြင့် လက်ရှိနေသူကို တရားစွဲရာ သက်သေခံဥပဒေပုဒ်မ-၆၅ အရ နှုတ်သက်သေခံချက်တင်ပြခွင့်ရှိခြင်းနှင့်ပတ်သက်၍ ဥပဒေဗဟုသုတအလို့ငှာ စီရင်ထုံးတစ်ခုကို ကိုးကားရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

တောင်ငူခရိုင် ထန်းတပင်မြို့ရှိ အချင်းဖြစ်မြေကို ဒေါ်သိန်းချစ်က ဝယ်ယူခဲ့သည့် မူလပိုင်ရှင် ဦးဘိုးလှနှင့် သမီးများဖြစ်ကြသည့် ဒေါ်ဖူးမေနှင့် ဒေါ်လုံးတို့ထံမှ အဖိုးငွေကျပ် ၃၅၀ ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီးနောက် မြေပေါ်တွင် အိမ်ဆောက်သည်။ ထို့နောက် မိခင်(မုဆိုးမ) ဒေါ်ညိမ်း၊ မောင်နှင့် ညီမများကို နေထိုင်စေခဲ့သည်။ ၎င်းသို့နေထိုင်လာပြီးနောက် ဒေါ်ညိမ်းသည် ဦးအုန်းမောင်နှင့်အကြောင်းပါကာ ထိုအိမ်ပေါ်၌ပင် ဆက်လက်နေထိုင်ခဲ့သည်။

ဒေါ်သိန်းချစ် ကွယ်လွန်ပြီးနောက် တစ်ဦးတည်းကျန်ရှိသော ညီမအရင်းတော်စပ်သူ ဒေါ်သန်းညွန့်က မိခင်ဖြစ်သူဒေါ်ညိမ်းနှင့် ပထွေးဦးအုန်းမောင်တို့ကို ထိုအိမ်နှင့် မြေပေါ်၌ ဆက်လက်နေထိုင်ခွင့်ပြုခဲ့သည်။ ဒေါ်ညိမ်းကွယ်လွန်သောအခါ ဒေါ်သန်းညွန့်က ထိုမြေနှင့်အိမ်ကိုပြန်တောင်းရာ ပထွေးဖြစ်သူ ဦးအုန်းမောင်က ပြန်မပေးသဖြင့် ဒေါ်သန်းညွန့်က ဖြူးမြို့နယ်ပိုင်တရားမရုံးတွင် တရားစွဲဆိုခဲ့ပါသည်။ နယ်ပိုင်တရားမ တရားသူကြီးသည် နှစ်ဦးနှစ်ဖက်ကို ကြားနာပြီးနောက် တရားလိုဒေါ်သန်းညွန့် စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးလိုက်ပါသည်။

ဦးအုန်းမောင်က မကျေနပ်သဖြင့် တောင်ငူခရိုင်တရားမရုံးသို့ အယူခံဝင်ရာ ခရိုင်တရားမ တရားသူကြီးက ဦးအုန်းမောင်သည် အိမ်ကိုပြင်ဆင်ထားသဖြင့် အိမ်၏တန်ဖိုးတစ်ဝက်ဖြစ်သော ငွေကျပ် ၃၇၅ ကျပ်ကို ဒေါ်သန်းညွန့်က ပေးဆောင်ပြီးမှသာ ဦးအုန်းမောင်သည် အချင်းဖြစ်အိမ်နှင့်မြေမှ ထွက်ခွာသွားစေရန် ပြင်ဆင်ဒီကရီချမှတ်လိုက်ပါသည်။ ထိုကဲ့သို့ အိမ်နှင့်မြေမှ ထွက်ခွာသွားရန် မူလရုံး၏ဒီကရီကိုအတည်ပြုသည့် ခရိုင်တရားမရုံး၏ စီရင်ချက်ကို ဦးအုန်းမောင်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံဝင်သည်။ ဒေါ်သန်းညွန့်က လည်း အိမ်၏တန်ဖိုးတစ်ဝက်ဖြစ်သော ငွေကျပ် ၃၇၅ ကျပ်ကို ဦးအုန်းမောင်ကို ပေးရမည်ဆိုသော အမိန့်ကိုမကျေနပ်၍ တရားရုံးချုပ်သို့ ဒုတိယအယူခံမှု တင်သွင်းလာခဲ့သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ယခုအမှုတွင် စဉ်းစားရန် ပြဿနာနှစ်ရပ်သာရှိသည်။ ပထမပြဿနာမှာ အချင်းဖြစ်အိမ်နှင့်မြေတို့သည် ကွယ်လွန်သူ ဒေါ်သိန်းချစ်ပိုင်ပစ္စည်းဟုတ်၊ မဟုတ်ပင်ဖြစ်သည်။ ဒုတိယပြဿနာမှာ ထိုအိမ်နှင့်မြေတို့ကို မူလကဒေါ်ညိမ်းကို ဒေါ်သိန်းချစ်က နေထိုင်ခွင့်ပေးခဲ့ပြီး ဒေါ်သိန်းချစ် သေဆုံးပြီးနောက် ဒေါ်သန်းညွန့်က ဆက်လက်နေထိုင်ခွင့်ပေးခဲ့ခြင်းဆိုသည်မှာ မှန်၊ မမှန်ဖြစ်ကြောင်း တရားရုံးချုပ်က ဦးစွာစိစစ်ခဲ့ပါသည်။

အချင်းဖြစ်ပစ္စည်းများကို ဒေါ်သိန်းချစ်က တန်ဖိုးငွေကျပ် ၃၅၀ ကျပ်ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး ဝယ်ယူခဲ့ကြောင်း ထင်ရှားအောင် အရောင်းစာချုပ် ချုပ်ခဲ့သူ (မူလရောင်းချခဲ့သူ) ဒေါ်ဖူးမေကို သက်သေထူခဲ့၏။ ၎င်း၏ဖခင် ဦးဘိုးလှနှင့်ညီမဒေါ်လုံးတို့မှာ ကွယ်လွန်ကြပြီဖြစ်၍ သက်သေအဖြစ် စစ်ဆေးခြင်းမပြုနိုင်ခဲ့ပေ။ ဒေါ်သန်းညွန့်သည် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို မူလရုံး၌ တင်ပြနိုင်ခဲ့ခြင်းမရှိသည်မှာ မှန်၏။ ထိုစာချုပ်မှာ ပျောက်ဆုံးသွားသည့်အပြင် ထန်းတပင်မှတ်ပုံတင်ရုံးမှ မှတ်ပုံတင်စာအုပ်မှာလည်း သောင်းကျန်းသူများက ဖျက်ဆီးလိုက်၍



မိတ္တူကူးပြီးတင်ပြခြင်း မပြုနိုင်သည့်အလျောက် အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်းကို သက်သေခံဥပဒေပုဒ်မ-၆၅ အရ နှုတ် သက်သေတင်ပြနိုင်ခွင့်ရှိကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ထိုကဲ့သို့ နှုတ်သက်သေတင်ပြချက်နှင့်ပတ်သက်၍ မူလရုံး၌ အယူခံတရားလို ဦးအုန်းမောင်တို့သည် ကန့်ကွက်ခဲ့ခြင်းမရှိသဖြင့် ဤအယူခံရုံး၌ ၎င်းသည် ထိုကိစ္စကို ထပ်မံပြောဆိုရန် အခွင့်အရေးမရှိ ပိတ်ပင်ပြီးဖြစ်သည်ဟုဆိုရမည်ဖြစ်ကြောင်း မသဲနုနှင့် **မောင်နီတာ အေအိုင်အာ(ရ်) ၁၉၂၅ ရန်ကုန်စီရင်ထုံး ၁၁၃** ကို တရားရုံးချုပ်က ရည်ညွှန်းခဲ့ပါသည်။

ထို့ပြင် မြေဝယ်စဉ်ကလည်းကောင်း အိမ်ဆောက်စဉ်ကလည်းကောင်း၊ ဒေါ်သိန်းချစ်မှာ သစ်ကုန်သည် ဦးတူဆိုသူနှင့် အိမ်ထောင်ကျသဖြင့် ချောင်လည်နေသည့်အပြင် မြေရောင်းသူတစ်ဦးဖြစ်သည့် ဒေါ်ဖူးမေကိုယ်တိုင်ကလည်း မြေကို၎င်း၏ဖခင်နှင့် ညီမတို့ကပါ ရောင်းချခဲ့ကြောင်း ထွက်ဆိုသွားသဖြင့် ဒေါ်သိန်းချစ်သည် မြေကိုဝယ်ပြီး အိမ်ဆောက်ထားသည်ဆိုသော အောက်ရုံးနှစ်ရုံး၏ ကောက်ယူချက်မှာ မှန်ကန်သည်ဟု ဆိုရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

ဒုတိယပြဿနာနှင့်ပတ်သက်၍ ဒေါ်သိန်းချစ် မြေဝယ်ပြီး အိမ်ဆောက်သည့်အချိန်တွင် မိခင်ဒေါ်ညိမ်းမှာမုဆိုးမဘဝနှင့် ကလေးခြောက်ယောက်ကို ရှာဖွေကျွေးမွေးရသဖြင့် ဆင်းဆင်းရဲရဲ နေထိုင်ရကြောင်း သက်သေအထောက်အထားများရှိနေရာ သမီးဒေါ်သိန်းချစ်က မိခင်မုဆိုးမဒေါ်ညိမ်းကို ထိုအိမ်နှင့်မြေပေါ်၌ နေထိုင်ခွင့်ပြုခဲ့သည်ဆိုခြင်းမှာလည်း သဘာဝကျသည်။ ထိုစဉ်က ဒေါ်သိန်းချစ်သည် ထန်းတပင်မြို့တွင်မနေဘဲ ထန်းတပင်နှင့် ခုနစ်မိုင်ခန့်ဝေးသည့် လမ်းကွဲရွာတွင် လင်ဖြစ်သူဦးတူနှင့် နေထိုင်လျက်ရှိသောကြောင့် ဒေါ်ညိမ်းကို အချင်းဖြစ်အိမ်ပေါ်၌ နေခွင့်ပြုထားသည်ဆိုခြင်းမှာ ပို၍ပင်ယုတ္တိရှိပေမည်။ ဒေါ်သိန်းချစ် သေဆုံးပြီးနောက် ဒေါ်ညိမ်းနှင့် ဦးအုန်းမောင်တို့သည် ထိုမြေနှင့်အိမ်ကို ဝယ်ယူရန် ဒေါ်စိမ်းနု၊ ဦးပြုံးချို၊ ဦးအံ့ကြီးနှင့် ဦးစိန်တို့မှတစ်ဆင့် ကြိုးစားခဲ့သည်။ ထိုသက်သေများသည် ၎င်းအပေါ် မတရားထွက်ဆိုရန်အကြောင်းမရှိဟု ဦးအုန်းမောင်က ဝန်ခံထားသည်။

ဒေါ်သိန်းချစ် ကွယ်လွန်သည့်နောက်ပိုင်းတွင် ဒေါ်ညိမ်းနှင့် ဦးအုန်းမောင်တို့သည် ဒေါ်သန်းညွန့်၏ ခွင့်ပြုချက်အရ ဆက်လက်နေထိုင်ခဲ့ကြောင်း ပေါ်လွင်သည်။ သို့ဖြစ်ရာ ဦးအုန်းမောင်သည် ဒေါ်သန်းညွန့်၏ ခွင့်ပြုချက်အရ အချင်းဖြစ်ပစ္စည်းပေါ်၌ နေထိုင်ခဲ့သည်ဆိုသော အောက်ရုံးနှစ်ရုံးစလုံး၏ ဆုံးဖြတ်ချက်သည် မှားယွင်းသည်ဟု မဆိုသာပေ။ မည်သို့ပင်ဖြစ်စေ အောက်ရုံးနှစ်ရုံးစလုံးမှ တစ်ညီတစ်ညွတ်တည်း ကောက်ယူဆုံးဖြတ်ထားသည့် အကြောင်းချင်းရာနှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို ဤဒုတိယအယူခံရုံးအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်။ ထို့ကြောင့် ဦးအုန်းမောင်၏ အယူခံကို ပလပ်ရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအပေါ် ပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူမှာ ပိုင်ဆိုင်ခွင့်လုံးဝရှိသူမဟုတ်၍ ပိုင်ရှင်ကကြည်ဖြူသလောက်ကိုသာ ထိုပစ္စည်းပေါ်၌ နေထိုင်ခွင့်ရှိသည်။ ပိုင်ရှင်အနေဖြင့် ၎င်း၏ ခွင့်ပြုချက်ကို အချိန်မရွေး ရုပ်စဲနိုင်သည်။ ၎င်းသို့ ရုပ်စဲလိုက်လျှင် ခွင့်ပြုချက်အရ နေထိုင်သူသည် ပစ္စည်းပေါ်မှ မထွက်ခွာလိုကြောင်း မခုခံနိုင်ကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

မူလက ဒေါ်ညိမ်းသည် အချင်းဖြစ်အိမ်နှင့် မြေပေါ်တွင် ပိုင်ရှင်ဒေါ်သိန်းချစ်၏ ခွင့်ပြုချက်အရ နေထိုင်ခဲ့သည်။ ဦးအုန်းမောင်သည် ဒေါ်ညိမ်းနှင့် အိမ်ထောင်ကျပြီးနောက် ဒေါ်ညိမ်းကို အကြောင်းပြု၍ ထိုပစ္စည်းပေါ်သို့ ရောက်လာခြင်းဖြစ်သည်။ ဒေါ်ညိမ်းကိုယ်တိုင်သည်ပင်လျှင် အခွင့်အမိန့်အရ နေထိုင်ခဲ့သူတစ်ဦးဖြစ်ရာ ၎င်းကို အကြောင်းပြု၍ တက်ရောက်လာသူ ဦးအုန်းမောင်မှာ ဒေါ်ညိမ်းထက်ပို၍ ပိုင်ဆိုင်ခွင့်မရှိနိုင်ပေ။ ထို့ကြောင့် ဦးအုန်းမောင်မှာလည်း အခွင့်အမိန့်အရ နေထိုင်သူတစ်ဦးသာဖြစ်သည်။ ပစ္စည်းအပေါ်ပိုင်ဆိုင်ခွင့် လုံးဝမရှိပေ။ ထို့ကြောင့် ခွင့်ပြုချက်ရုပ်စဲလျှင် ၎င်းသည် ဆက်လက်နေထိုင်ခွင့် မရှိတော့ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

မူလခွင့်ပြုစဉ်က မြေပေါ်၌ လေးပင်၊ သုံးခန်းအိမ်တစ်ဆောင်ပါသည်ဆိုခြင်းမှာ အငြင်းမပွားပေ။ နှစ်လကြာရှည်သဖြင့် ထိုအိမ်မှာ အိုမင်းရင့်ရော်လာသောကြောင့် ဒေါ်ညိမ်းနှင့် ဦးအုန်းမောင်တို့က မူလအိမ်ကိုဖျက်ပြီး လေးပင်၊ သုံးခန်းအိမ်ပြင်၍ ဆောက်ခဲ့ရာ မူလအိမ်မှ သစ်သားများကိုလည်း အသုံးချကြောင်း ဦးအုန်းမောင်က ဝန်ခံထားသည်။ နောက်အိမ်ဆောက်ရာတွင် မည်၍မည်မျှ စိုက်ထုတ်ကုန်ကျသည်ဆိုသော သက်သေအထောက်အထားလည်းမရှိ၊ ခွင့်ပြုချက်အရ နေထိုင်သူတစ်ဦးသည် ခွင့်ပြုချက်ကုန်ဆုံး၍ ထွက်ခွာသွားလျှင် မိမိပြုလုပ်ခဲ့သည့် တိုးတက်ကောင်းမွန်အောင်ပြုလုပ်ထားသော အရာဝတ္ထုများကို ယူဆောင်သွားပိုင်ခွင့်ရှိမည်ဖြစ်သော်လည်း ယခုအမှုတွင် ဦးအုန်းမောင်အနေဖြင့် နောက်ထပ် ပြုပြင်ဆောက်လုပ်ထားသည့်အိမ်ကို ဖျက်၍ ယူသွားခြင်းမပြုနိုင်ကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်ခဲ့ပါသည်။

မူလခွင့်ပြုစဉ်ကပင် မြေပေါ်၌ အိမ်တစ်ဆောင်ရှိနေပြီးဖြစ်၍ ခွင့်ပြုသူကို မြေရောအိမ်ပါ ပြန်လည်ပေးအပ်ရန် တာဝန်ရှိနေပေသည်။ အထက်ပါအကြောင်းများကြောင့် အိမ်ဖိုးတစ်ဝက်ဖြစ်သည့် ငွေကျပ် ၃၇၅ ကျပ်ကို မူလရုံးတရားလို ဒေါ်သန်းညွန့်က တရားပြိုင် ဦးအုန်းမောင်ကို ပေးရမည်ဆိုသော အောက်အယူခံရုံး၏အမိန့်မှာ မှားယွင်းနေသဖြင့် ပယ်ဖျက်ရမည်ဖြစ်သည်။ ယခုအမှုတွင် ဦးအုန်းမောင်အနေဖြင့် အချင်းဖြစ်အိမ်ကို ပြုပြင်လာခဲ့သည်ဆိုသောအချက်မှာလည်း စောဒကမတက်နိုင်သဖြင့် ခွင့်ပြုချက်ရုပ်ဆိုင်း၍ ထွက်ခွာသွားရသည့်ကိစ္စတွင် တရားစရိတ်များပါ ထမ်းဆောင်ရမည်ဆိုပါက များစွာနစ်နာရမည်ဖြစ်သည်။ ထို့ကြောင့် တရားမျှတမှုကို ရှေးရှု၍ နှစ်ဖက်အမှုသည်များသည် မိမိတို့ တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံစေသင့်သည်ဟု ထင်မြင်ယူဆကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်၍ ဦးအုန်းမောင်၏ တရားမဒုတိယအယူခံမှုကို ပလပ်လိုက်ပါသည်။

အထက်ပါစီရင်ထုံးက အရောင်းအဝယ်စာချုပ်ပျောက်ဆုံးပျက်စီးလျှင် သက်သေခံ ဥပဒေပုဒ်မ-၆၅ အရ နှုတ်သက်သေတင်ပြနိုင်ခွင့်ရှိကြောင်းနှင့် ခွင့်ပြုချက်ဖြင့် နေထိုင်သူသည် ခွင့်ပြုချက်ရုပ်ဆိုင်းလျှင် ထွက်ခွာသွားရမည်ဖြစ်ကြောင်း ညွှန်ပြခဲ့ပါသည်။ **ဦးအုန်းမောင်နှင့် ဒေါ်သန်းညွန့် ၁၉၆၅ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၂၉ ကို** ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၉၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၉၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်း ၉၅၆၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဧပြီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေလဲရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေးပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် ဆင်တဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆင်တဲကုန်းကျေးရွာအုပ်စု ဆင်တဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ဖြင့် ကျေးလက်နေပြည်သူများ ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဆင်တဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၂၁ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# ဪင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငွေတိုးစပါး တင်းရေ ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငွေတိုးစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငွေတိုးစပါး တင်းရေ ၄၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်းငွေတိုးစပါး တင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း ညောင်တုန်းမြို့နယ်ကနေ ငွေတိုးစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ငွေတိုးစပါးကအရည်အသွေးကောင်းတဲ့ ဆန်စပါးအမျိုးအစားဖြစ်ပါတယ်။ ငွေတိုးစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငွေတိုးစပါးတင်းရေ ၇၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အုတ်တွင်းမြို့နယ်၌ ဆပ်ပြာ၊ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

**အုတ်တွင်း ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာ၊ ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်များ ရရှိရန်၊ ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားများပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာ၊ ခေါင်းလျှော်ရည်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ရခြင်းဖြစ်ကြောင်း၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေပေးနိုင်သည်ထိ ကြိုးစားစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့်တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ထူးချွန်ဆုများနှင့်သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာ၊ ခေါင်းလျှော်ရည်သင်တန်းသို့ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာများမှ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ ဦးတက်ရောက်ကြောင်း၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျွမ်းကျင်နည်းပြဆရာမများက စာတွေ့၊လက်တွေ့ဖြင့် ငါးရက်ကြာအခမဲ့သင်ကြားပေးခဲ့ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

**ကိုညို**

# ပခုက္ကူမြို့နယ် ကျေးရွာနှစ်ရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများစစ်ဆေး

**ပခုက္ကူ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လမ်းရွာကျေးရွာအုပ်စု မင်းမသေကျေးရွာနှင့် ပေါင်းငူစွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်ဆောင်ရွက်ထားသောလုပ်ငန်းများကို ဇွန် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မင်းမသေကျေးရွာနှင့် ပေါင်းငူစွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းမသေကျေးရွာနှင့် ပေါင်းငူစွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ရန်ပုံငွေကျပ် ၃၆ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဆက်လူ**


ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# လေကြောင်းစွမ်းဆောင်ရည်မြှင့်တင်နေသော အာရှနိုင်ငံများ အပိုင်း(၁)

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အာရှဒေသသည် ကာလရှည်ကြာ ဖြစ်ပွားလျက်ရှိသော ပိုင်နက်နယ်မြေအငြင်းပွားမှုများ၊ မဟာအင်အားကြီးများ၏ ပြိုင်ဆိုင်မှုနှင့်ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အချိုးမညီခြိမ်းခြောက်မှုများကြောင့် လုံခြုံရေးဆိုင်ရာ ပြောင်းလဲရှုပ်ထွေးလျက်ရှိသော ဒေသများအနက်မှ တစ်ခုအဖြစ် ထွက်ပေါ်လာလျက်ရှိသည်။ထိုအခြေအနေကို တုံ့ပြန်ရာတွင် ဒေသတွင်းရှိ နိုင်ငံများစွာသည် လေကြောင်းတိုက်ခိုက်မှုစွမ်းဆောင်ရည်များ မြှင့်တင်မှုကို အလေးထားကာ စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်မှုလုပ်ငန်းများကို ရည်မှန်းချက်ထားလုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ရာ၌ ဘက်စုံသုံးတိုက်လေယာဉ်(MRCA)များ ဝယ်ယူတပ်ဖြန့်ချထားမှုကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ MRCA များကို လေကြောင်းစိုးမိုးမှုနှင့်တိကျသော တိုက်ခိုက်မှုများမှသည်ကင်းထောက်မှုနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ ဟန့်တားမှုများထိ ကျယ်ပြန့်သောတာဝန်များ ထမ်းဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။

ဘက်စုံသုံးတိုက်လေယာဉ်များ၏ မဟာဗျူဟာမြောက်တန်ဖိုးသည် လိုက်လျောညီထွေရှိမှုနှင့် တိုက်ပွဲဝင်အသင့်ဖြစ်သောကြောင့် လေတပ်ဖွဲ့များကို သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုနှစ်ရပ်စလုံးကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စေသည်။

အာရှဒေသတစ်ဝန်းတွင် တရုတ်၊ အိန္ဒိယ၊ ဂျပန်တို့ကဲ့သို့သော အင်အားကြီးနိုင်ငံများမှသည် အင်ဒိုနီးရှား၊ မလေးရှားနှင့်ဖိလစ်ပိုင်တို့ကဲ့သို့သော ဒေသတွင်း၌ အရေးပါသည့်နိုင်ငံများထိ အင်အားကြီးထွားလာသော လေတပ်ဖွဲ့များသည်၎င်းတို့၏ လေယာဉ်အုပ်များ အဆင့်မြှင့်တင်ခြင်းနှင့်သက်တမ်းရင့်လေယာဉ်များနေရာတွင် မျိုးဆက်သစ်လေယာဉ်များနှင့် အစားထိုးရန် ကြိုးပမ်းလျက်ရှိကြသည်။

ဘက်စုံသုံး တိုက်ခိုက်ရေးစွမ်းဆောင်ရည်များအပေါ် အလေးထားဆောင်ရွက်ခြင်းသည် စစ်ရေးဆိုင်ရာ ပြောင်းလဲလာမှုသဘောသဘာဝအပြင် အဓိကကျသော ပင်လယ်ရေကြောင်းနှင့်ကုန်းတွင်းပိုင်း ရေ့တန်းနေရာများအပေါ် လေကြောင်းဆိုင်ရာ ပြိုင်ဆိုင်မှုမြင့်တက်လာခြင်းကိုလည်း ထင်ဟပ်စေလျက်ရှိသည်။ လေကြောင်းလွှမ်းမိုးမှုအတွက် ပြိုင်ဆိုင်ခြင်းသည် ကိုယ်ပျောက်၊ ဉာဏ်ရည်တု၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ကွန်ရက်ဗဟိုပြုလုပ်ငန်းလည်ပတ်မှုကဲ့သို့သော အဆင့်မြင့်နည်းပညာများကြောင့် ပိုမိုမြင့်တက်လာလျက်ရှိသည်။ ၎င်းနည်းပညာအားလုံးသည် ခေတ်သစ် ဘက်စုံသုံးတိုက်လေယာဉ် (MRCA) များတွင် ပါဝင်လာလျက်ရှိသည်။ ထို့ပြင် အာရှဒေသတွင် MRCA ဝယ်ယူမှုအခင်းအကျင်းသည် မဟာဗျူဟာမြောက်မိတ်ဖွဲ့မှုများ၊ စက်မှုဆိုင်ရာမိတ်ဖက်ဆက်ဆံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိုယ်ပိုင်ရပ်တည်ချက်အတွက် အမျိုးသားရည်မှန်းချက်များဖြင့် ပုံဖော်တည်ဆောက်လျက်ရှိသည်။

**တရုတ်နိုင်ငံ**

တရုတ်နိုင်ငံသည် ဘက်စုံသုံးတိုက်လေယာဉ် (MRCA) စွမ်းဆောင်ရည်များကို အလျင်မြန်တိုးတက်တည်ဆောက်လျက်ရှိရာ အင်ဒို-ပစိဖိတ်ဒေသတွင် အမေရိကန်၏ လေကြောင်းလွှမ်းမိုးမှုကို ယှဉ်ပြိုင်နိုင်မည့်နောက်ဆုံးပေါ်ဂျက်တိုက်လေယာဉ်များနှင့် မောင်းသူမဲ့စနစ်များထုတ်ဖော်ပြသလျက်ရှိသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ် (PLAAF) သည် ၂၀၂၄ခုနှစ် ဇူဟိုင်းလေကြောင်းပြပွဲ၌ ရှန်းယန်လေယာဉ်ကော်ပိုရေးရှင်းမှ သုတေသနပြု တည်ဆောက်ထားသော J-35A ပဉ္စမမျိုးဆက်ကိုယ်ပျောက်တိုက်လေယာဉ်ကို ထုတ်ဖော်ပြသခဲ့သည်။ ကုန်းမြေအခြေစိုက်နှင့် လေယာဉ်တင်သင်္ဘောများပေါ်မှ တာဝန်ထမ်းဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသော J-35A သည် ကိုယ်ပျောက်နည်းပညာများ၊ လက်နက်ထားသိုရန်နေရာများပါရှိပြီး PL-15 အမျိုးအစား ဝေဟင်မှဝေဟင်ပစ်တာဝေးပစ်ဒုံးကျည်များ တပ်ဆင်ထားခြင်းသည် တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်သည်။

**❖ဘက်စုံသုံးတိုက်လေယာဉ်များ၏ မဟာဗျူဟာမြောက်တန်ဖိုးသည် လိုက်လျောညီထွေရှိမှုနှင့် တိုက်ပွဲဝင်အသင့်ဖြစ်သောကြောင့် လေတပ်ဖွဲ့များကိုသမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုနှစ်ရပ်စလုံးကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စေသည်။ အာရှဒေသတစ်ဝန်းတွင် တရုတ်၊ အိန္ဒိယနှင့်ဂျပန်တို့ကဲ့သို့သော အင်အားကြီးနိုင်ငံများမှသည် အင်ဒိုနီးရှား၊ မလေးရှားနှင့်ဖိလစ်ပိုင်တို့ကဲ့သို့သော ဒေသတွင်း၌ အရေးပါသည့်နိုင်ငံများထိ အင်အားကြီးထွားလာသောလေတပ်ဖွဲ့များသည် ၎င်းတို့၏ လေယာဉ်အုပ်များအဆင့်မြှင့်တင်ခြင်းနှင့် သက်တမ်းရင့်လေယာဉ်များနေရာတွင် မျိုးဆက်သစ်လေယာဉ်များနှင့်အစားထိုးရန် ကြိုးပမ်းလျက်ရှိကြသည်။ ❖**

ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်တည်ဆောက်ရေးကြိုးပမ်းမှုအနေဖြင့် တရုတ်နိုင်ငံသည် White Emperor သို့မဟုတ် Baidi တိုက်လေယာဉ်ကို၂၀၂၄ ခုနှစ်နိုဝင်ဘာလ၌ ထုတ်ဖော်ပြသခဲ့ပြီး ၎င်းလေယာဉ်သည်အမြီးမပါသည့် အသံလွန်တိုက်လေယာဉ်ဖြစ်ကာ အာကာသအနီးအနားထိပျံသန်းနိုင်ရန် ရည်မှန်းထားရှိသည်။ Nantianmen စီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည့်၎င်းလေယာဉ်သည် ကမ္ဘာ့လေထုတွင်းနှင့် အာကာသမစ်ရှင်များ ထမ်းဆောင်နိုင်ရန် ရည်မှန်းထားပြီး ကြီးမားကျယ်ပြန့်သောလက်နက်ထားသိုရန် နေရာနှင့်လူနှင့်စက်ပစ္စည်းတို့အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်သော အဆင့်မြင့်လေယာဉ်အီလက်ထရွန်နစ် နည်းပညာများပါရှိသည်။ အဆင့်မြင့်နည်းပညာများပါရှိသော Chengdu J-35 သည် လက်ရှိအချိန်တွင် စမ်းသပ်ပျံသန်းမှုများလုပ်ဆောင်လျက်ရှိသည်။ ၎င်းလေယာဉ်ကို လေကြောင်းလွှမ်းမိုးမှုနှင့်မောင်းသူမဲ့လေယာဉ်(UAV)စစ်ဆင်ရေးများတွင် ကွပ်ကဲမှုနှင့်ထိန်းချုပ်မှုလုပ်ဆောင်ရန်အပါအဝင် မစ်ရှစ်ပေါင်းစုံအတွက် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် တွဲဖက်ဒရုန်းများတပ်ဖြန့်ချထားနိုင်သည့် ကိုယ်ပျောက်တိုက်လေယာဉ်ဖြင့် မောင်းသူပါနှင့် မောင်းသူမဲ့အဖွဲ့ကို တီထွင်စမ်းသပ်အသုံးပြုလျက်ရှိသည်။ အဆိုပါ သဘောတရားသည် မောင်းသူပါလေယာဉ်မှသည် အလိုအလျောက်ပျံသန်းနိုင်သော ဒရုန်းအဆင့်သို့ကူးပြောင်းပြီး အာဏာဖြန့်ကြက်နိုင်ရန်နှင့် စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်နိုင်ရန်ဖြစ်သည်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံသည် ဘက်စုံသုံးတိုက်လေယာဉ် (MRCA) များကို နိုင်ငံတကာမှ ဝယ်ယူခြင်းနှင့်ပြည်တွင်း၌ သုတေသနပြုတည်ဆောက်ခြင်းတို့ပါဝင်သည့် ဘက်ပေါင်းစုံမှချဉ်းကပ် ဆောင်ရွက်မှုများဖြင့် လေတပ်ဖွဲ့၏စွမ်းဆောင်ရည်များကို ခေတ်မီအဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။ အဆိုပါ ကြိုးပမ်းဆောင်ရွက်မှုများအနက် အဓိကအပိုင်းသည် ဘက်စုံသုံးတိုက်လေယာဉ် (MRCA) အစီအစဉ်ဖြစ်သည်။ ၎င်းအစီအစဉ်သည် အိန္ဒိယလေတပ်(IAF)၏ အရေအတွက်ကျဆင်းလာသော လေယာဉ်အုပ်အတွက် အဆင့်မြှင့်တိုက်လေယာဉ် ၁၁၄ စင်းထိ ဝယ်ယူသွားရန်ရည်မှန်းထားရှိသည်။

၂၀၂၅ ခုနှစ် အစောပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် တိုက်လေယာဉ်ဝယ်ယူရေးအတွက် ကမ္ဘာလုံးဆိုင်ရာ တင်ဒါစီမံကိန်းကို ထုတ်ပြန်ကြေညာခဲ့သောကြောင့် ပြည်တွင်း၌ တည်ဆောက်မှုနှင့်နည်းပညာလွှဲပြောင်းမှုကို ခိုင်မာသေချာစေသည့် Make in India လုပ်ငန်းစဉ်ကို အလေးထားလျက်ရှိသည်။ လေယာဉ်တင်သွင်းရေးအတွက် အလားအလာရှိသော တိုက်လေယာဉ်များ၌ Dassault၏ Rafale၊ ဘိုးအင်း၏ F-15EX၊ လော့ခ်ဟိဒ်မာတင်၏ F-21၊ Saabe ၏ Gripen E/F နှင့်ရုရှား၏ Sukhoi Su-57 တို့ပါဝင်သည်။ အထူးသဖြင့် Dassault Aviation သည် ဒေသတွင်း၌ တည်ဆောက်နိုင်မည့်အိန္ဒိယကုမ္ပဏီခွဲထူထောင်ရန် အဆိုပြုထားရှိသည်။

အိန္ဒိယနိုင်ငံသည် မကြာသေးမီကပင် ၎င်း၏ ရေတပ်အတွက် ပြင်သစ်နိုင်ငံထုတ် Rafale Marine ဂျက်တိုက်လေယာဉ် ၂၆ စင်းဝယ်ယူရန် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိသော စာချုပ်တစ်ရပ်ကို အပြီးသတ်လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၂၅ခုနှစ် ဧပြီလ ၂၈ရက်တွင် အပြီးသတ်ချုပ်ဆိုခဲ့သော အဆိုပါသဘောတူညီချက်တွင် တစ်ယောက်ထိုင်ခုံပါ ၂၂ စင်းနှင့် နှစ်ယောက်ထိုင်ခုံပါ လေးစင်းဖြစ်ပြီး ဆက်စပ်လက်နက်စနစ်များ၊ လေ့ကျင့်သင်တန်းပေးမှုများနှင့် စွမ်းဆောင်မှုအခြေပြုအုပ်ချုပ်ထောက်ပံ့မှုများလည်း ပါဝင်သည်။

Rafale Marine ဂျက်တိုက်လေယာဉ်များသည် အိန္ဒိယရေတပ်၏ သက်တမ်းရင့်ရုရှားနိုင်ငံလုပ် MIG-29 လေယာဉ်အုပ်နေရာတွင် အစားထိုးရန်ရည်ရွယ်ထားသောကြောင့် အိန္ဒိယလေယာဉ်တင်သင်္ဘောများဖြစ်သည့် INS Vikrant နှင့် INS Virkamaditya တို့၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ ထိုသို့ဝယ်ယူခြင်းသည်အိန္ဒိယနိုင်ငံကို ပထမဆုံးသော ရေတပ်ဆိုင်ရာ Rafale အသုံးပြုသူအဖြစ် ရပ်တည်စေမည်ဖြစ်သည့်အတွက် အိန္ဒိယနှင့်ပြင်သစ်တို့ကြား မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းလာစေလျက်ရှိသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ပြည်တွင်းတိုက်လေယာဉ်အစီအစဉ်ကိုလည်း အဆင့်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ အလယ်အလတ်အရွယ်အစားတိုက်လေယာဉ်ဖြစ်သည့် HAL Tejas Mk2 သည်၂၀၂၆ခုနှစ်တွင် စတင်စမ်းသပ်ပျံသန်းမည်ဖြစ်ပြီး ၂၀၂၉ ခုနှစ်တွင် အမြောက်အမြားထုတ်လုပ်သွားမည်ဖြစ်သည်။ ၎င်းလေယာဉ်သည် အဆင့်မြင့်အီလက်ထရွန်နစ်စနစ်ပါဝင်သောကြောင့် ဝန်စည်စလယ်သယ်ဆောင်နိုင်စွမ်းနှင့် ပျံသန်းနိုင်မှုအကွာအဝေးပိုမိုလာနိုင်မည်ဖြစ်သည်။

အလားတူ အဆင့်မြင့်အလတ်စားတိုက်လေယာဉ် (AMCA) ဖြစ်သည့်အိန္ဒိယ၏ ပဉ္စမမျိုးဆက်ကိုယ်ပျောက်တိုက်လေယာဉ်စီမံကိန်းသည် ရှေ့ပြေးပုံစံအဆင့်ကို ရောက်ရှိနေပြီဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်အစောပိုင်း၌ အပြီးသတ်တည်ဆောက်ရေး ရည်မှန်းလျက် လေယာဉ်တည်ဆောက်မှုလုပ်ငန်းများ မြန်ဆန်သွက်လက်စေရန် အဆင့်မြင့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထူထောင်ထားရှိသည်။ AMCA သည် ကိုယ်ပျောက်နည်းပညာများ၊ မြန်နှုန်းမြင့်စွမ်းဆောင်ရည်နှင့် အဆင့်မြင့်အီလက်ထရွန်နစ် စနစ်များအပါအဝင် နောက်ဆုံးထုတ်နည်းပညာများ ပေါင်းစပ်ပါဝင်မည်ဟု မျှော်မှန်းရပေသည်။

**စင်ကာပူနိုင်ငံ**

စင်ကာပူနိုင်ငံသည် ဘက်စုံသုံးတိုက်လေယာဉ် (MRCA) တွင် ထူးခြားသောရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ခြင်းဖြင့် ၎င်း၏ လေကြောင်းတိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို ခေတ်မီအဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသောကြောင့် နောက်ဆုံးပေါ် ခေတ်မီနည်းပညာများနှင့်ဘက်စုံတိုက်ပွဲဝင်လေတပ်ဖွဲ့ကို ဆက်လက်ထိန်းသိမ်းသွားမည့်ခိုင်မာသောဆုံးဖြတ်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။ ထိုသို့ ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှု၏ ခိုင်မာသောမှတ်တိုင်တစ်ခုသည် စင်ကာပူလေတပ်(RSAF)၏ အဆင့်မြင့်ဂျက်တိုက်လေယာဉ်များ ဝယ်ယူခြင်းပင်ဖြစ်သည်။ ၂၀၂၀ပြည့်နှစ်တွင် F-35B လေယာဉ်ကို ကနဦးဝယ်ယူခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ရှစ်စင်း ထပ်မံဝယ်ယူခဲ့ပြီးနောက် စင်ကာပူနိုင်ငံသည် F-35A ဂျက်တိုက်လေယာဉ် ရှစ်စင်းထပ်မံဝယ်ယူသွားမည့်စီမံကိန်းများကို ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် ကြေညာခဲ့သည်။

ထိုသို့ ထပ်မံဝယ်ယူခြင်းကြောင့် ၂၀၃၀ ပြည့်နှစ်တွင် F-35 လေယာဉ်အုပ်အစင်း၂၀ ထိရှိလာမည်ဖြစ်ပြီး သက်တမ်းရင့် F-16 လေယာဉ်အုပ်များကို အနားပေးသွားရန် စီစဉ်ထားရှိသည်။ F-35A ၏ သမားရိုးကျပျံသန်းဆင်းသက်နိုင်သော စွမ်းဆောင်ရည်များမှသည် F-35B ၌ပြေးလမ်းတို၌ ပျံသန်းဆင်းသက်နိုင်မည်ဖြစ်သည့်အတွက် စင်ကာပူလေတပ် (RSAF) ၏ လိုက်လျောညီထွေ တာဝန်ထမ်းဆောင်နိုင်မှုကို တိုးမြှင့်နိုင်မည်ဖြစ်သည်။

ထို့ပြင် စင်ကာပူလေတပ် (RSAF )သည် ၎င်း၏ ရှိရင်းစွဲ F-16C/D Block 52/52+ လေယာဉ်အုပ်ကိုလည်းအဆင့်မြှင့်တင်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်မှုများတွင် အီလက်ထရွန်နစ် အထောက်အကူပြုအဆင့်မြင့် ပုံရိပ်ဖော်ရေဒါ (AESA)၊ အဆင့်မြင့်လမ်းကြောင်းရှာစနစ်များနှင့် နောက်ဆုံးပေါ်ဆက်သွယ်ရေးစနစ်များပါရှိသည်။ အဆိုပါ အဆင့်မြှင့်တင်ဆောင်ရွက်မှုများသည် F-16 များ၏ သက်တမ်းကို ၂၀၃၀ ပြည့်နှစ်ထိ တိုးမြှင့်ရန် ရည်မှန်းထားသောကြောင့် ခေတ်သစ်တိုက်ပွဲ အခြေအနေများတွင် ဆက်လက်မှီခိုအားထားနိုင်မည်ဖြစ်သည်။

**ကိုးကား**

- Asia’s Quest For Multi – Role Air Superiority by ADJ(May–June 2025).

**ဝင်းဇင် (သုတေသန)**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၂၇၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၂၇၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် စပါး ၄၀၂၇၈ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ စပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးသွားမယ်။ တောင်သူတွေအနေနဲ့ စပါးတွေကို အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးမယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး ပညာပေးခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း စသည့် တောင်သူအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို တစ်ကေပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကိုကိုအောင်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ကော့ကရိတ်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကော့ကရိတ် ဇွန် ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ/မရှိ အခြေအနေများကို ဇွန် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေစိုး၊ မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ/မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ/မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးငွေစိုးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခု ဆဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်း ထုတ်ချေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့ထံမှ သိရသည်။

**ကိုသက်**















## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(၃)ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်သိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်ဆွေဖြစ်ပါကြောင်း။ ဦးခင်မောင်ဆွေ(၉/ကဆန(နိုင်)၀၀၄၅၇၀)

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ လယ်ဦးရပ်ကွက်၊ ဒေါ်မာယာ (ဘ) ဦးမူ(က်)သီရာမ်(၉/မကန(နိုင်)၀၆၃၅၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၈၅၃၅၁၈၈၂

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ (၆၉၁)ကွက်၊ မဟာနွယ်စဉ် မခင်စန်းဝေ(ဘ) ဦးအောင်သိန်း(၉/မရတ(နိုင်)၁၀၂၄၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-603530)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၅၉၂၂၈၄၆

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး။**

## သားအဖြစ်မှ အမွေပြန်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(415/N3)နေ ဒေါ်ခင်ညို၏သားဖြစ်သူ ဦးအောင်ဇော်ထွေး(၉/အမဇ(နိုင်)၀၁၉၉၇၁)သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ဦးအောင်ဇော်ထွေးနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်ပါကြောင်း ဦးအောင်ဇော်ထွေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်ခင်ညို(၉/မနမ(နိုင်)၀၃၂၄၃၁)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ အမက(၃) ငါန်းဇွန်မြို့တွင် မူလတန်းပြတာဝန်ထမ်းဆောင်နေသော ဒေါ်မိုးမိုး(၅/ငဇန(နိုင်)၀၀၈၆၀၆)၏ဖခင်သည် အိမ်ထောင်စုလူဦးရေစာရင်းပါ ဦးသောင်းနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်ပါ ဦးသန်းလွင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးသောင်း (ခ) ဦးသန်းလွင်(NZN 001517)

## ဖခင်အမည်မှန်

ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ ပန်းတိုင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မသဉ္ဇာအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းဖြစ်ပါကြောင်း။ ဦးသိန်း(၉/ပသက(နိုင်)၀၆၃၃၁၂)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ **မျိုးချစ်စိတ်ဆိုရာမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးကို ထိရင် မခံနိုင်အောင် နာတတ်တဲ့စိတ်၊ ကိုယ်ကျိုး မငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ် စွန့်စားမယ်ဆိုတဲ့စိတ်တို့ပဲဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ တရားမဝင်Online ငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



နေပြည်တော် ဇွန် ၁၇

၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက်နှင့် ကောင်းမှုတုံရပ်ကွက်အတွင်း၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများပူးပေါင်းကာ Online ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေကြောင်းသတင်းအရ သက်သေများနှင့်အတူ

စာမျက်နှာ ၂၂ ကော်လံ ၁ ❍

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ တရားမဝင် Online ငွေကြေးလိမ်လည်လုပ်ငန်း လုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ရောဝတီယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့်ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရောဝတီယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ရောဝတီယူနိုက်တက်အသင်းက ရရှိသည့်အခွင့်အရေးများကို အကောင်းဆုံးအသုံးချခဲ့သဖြင့် ပွဲချိန် ၂၂ မိနစ်တွင် မျိုးမင်းခန့်က ရောဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် ရောဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်

စာမျက်နှာ ၂၀ ကော်လံ ၄ ☆

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
"မှန်သည် မြန်သည် မြဝတီ"
(24) ~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378
MPU UnionPay